ကြေးမုံ
The Mirror

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်ထုတ်ဝေသည်။
Established in 1957

၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ စနေနေ့၊ (23-8-2014) (၇၉၄၁)

- ❑ ဝင်ငွေနည်းသည့် အခြေခံလူတန်းစားများ နေထိုင်နိုင်မည့် တန်ဖိုးနည်းအိမ်ရာစနစ်များကို ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်။
- ❑ အရစ်ကျနှစ်ရှည်ငွေချေစနစ်ဖြင့် ဆင်းရဲနွမ်းပါးသူများ၊ ဝန်ထမ်းများ၊ အငြိမ်းစားများ၊ စစ်မှုထမ်းဟောင်းများ၊ မသန်စွမ်းသူများ၊ ကျဆုံးစစ်သည် မိသားစုများကို ဦးစားပေးဆောင်ရွက်။

ပြည်သူများအတွက် မိမိတို့စွမ်းဆောင်ပေးနိုင်သည်များကို အစွမ်းကုန်ဆောင်ရွက်ပေးကြရမည်ဖြစ်

နေပြည်တော် ဩဂုတ် ၂၂

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမလေးလပတ်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေး၌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတို့မှ ဦးစီးအဖွဲ့ဥက္ကဋ္ဌများက ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ မြေယာစီမံခန့်ခွဲရေးကိစ္စများနှင့်စပ်လျဉ်း၍ ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့များ၏ တင်ပြချက်အပေါ် ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမလေးလပတ်အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့ အစိုးရသက်တမ်း (၅)နှစ်တွင် (၃)နှစ်ကျော်ကုန်လွန်သွားခဲ့ပြီဖြစ်ပါကြောင်း၊ လက်ကျန်ကာလသည် တစ်နှစ်ကျော်သာကျန်ရှိသည့်အတွက် ကျန်ရှိသောကာလအတွင်း မိမိတို့လုပ်စရာရှိသည့်လုပ်ငန်းများကို အားသွန်ခွန်စိုက် အရှိန်အဟုန်ပြင်းပြင်းဖြင့် လုပ်ကိုင်ကြရန်လိုအပ်ပါကြောင်း။

ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုတွင် ပြည်သူများ၏ ဆန္ဒ၊ လိုအပ်ချက်၊ မျှော်လင့်ချက်များသည် အလွန်များပါကြောင်း၊ လိုအပ်ချက်အားလုံးကို ပြည့်မီအောင်လုပ်ရန်ဆိုသည်မှာ အစိုးရသက်တမ်းတစ်ခုနှင့် မည်သို့မျှမဖြစ်နိုင်သည်ကိုလည်း သိရှိကြမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမလေးလပတ်အစည်းအဝေး တတိယနေ့တွင် နိဂုံးချုပ်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ ဇူလိုင်လအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

နေပြည်တော် ဩဂုတ် ၂၂

၂၀၁၄-၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၈၈ ဒသမ ၈၃ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၇၀ ဒသမ ၅၁ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၅၉ ဒသမ ၃၄ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၉၃ ဒသမ ၂၁ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၂ ဒသမ ၆၄ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၆၅ ဒသမ ၈၅ သန်းဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် ဇူလိုင်လအတွက် စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၄၀၆ ဒသမ ၅၁ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ ဇူလိုင်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၅၂၅ ဒသမ ၉၀ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၅၈ ဒသမ ၉၀ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၃၈၄ ဒသမ ၈၀ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၄၈၇ ဒသမ ၀၀ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၆၄ ဒသမ ၇၄ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၁၅၁ ဒသမ ၇၄ သန်းဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ ဇူလိုင်လအတွင်း စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၇၆၆ ဒသမ ၉၄ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရသည်။ **(သတင်းစဉ်)**

ကြေးမုံ စာတည်းရှုထောင့် ၂၃-၈-၂၀၁၄၊ စနေနေ့

ပြည်သူ့အိမ်ရာစီမံကိန်း

ယနေ့ မြန်မာနိုင်ငံ၏ ပြည်သူလူထုဗဟိုပြုစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရန် ပြည်သူကိုဗဟိုပြု၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်သူများ၏ အဓိကလိုအပ်ချက်ဖြစ်သည့် အိုးအိမ်ပိုင်ဆိုင်ရေးသည် အဓိကလုပ်ဆောင်ပေးသင့်သည့်လုပ်ငန်းစဉ် တစ်ရပ်ဖြစ်ပါသည်။ လူတို့၏ နေ့စဉ်နေထိုင်စားသောက်မှုဘဝများတွင် လူတစ်ဦး ကျန်းမာကြံ့ခိုင်ပြီး လုပ်ငန်းဆောင်တာများကို လုပ်ဆောင်နိုင်ရန်မှာ အစားအသောက်ပြည့်စုံနေရုံသာမက နေထိုင်ရေးသည်လည်း အခြေခံလိုအပ်ချက်တစ်ရပ်ပင်ဖြစ်သည်။

မိမိတို့၏ မိသားစုတစ်စုချင်းစီကို ပျမ်းမျှကြည့်မည်ဆိုလျှင် သေဆုံးသူဦးရေနှင့် မွေးဖွားသူဦးရေကို ဆန်းစစ်တွက်ချက်နိုင်ပေရာ နှစ်စဉ်လူဦးရေတိုးပွားလာသဖြင့် မြေယာပိုင်ဆိုင်မှုနှင့် အိုးအိမ်ပိုင်ဆိုင်မှုနှုန်းမှာလည်း လျော့နည်း လာလျက်ရှိသည်။ လူဦးရေတိုးပွားလာမှုနှင့်အတူ စက်ရုံအလုပ်ရုံများ တိုးချဲ့တည်ဆောက်လာသဖြင့် မြေယာအငြင်းပွားမှုပြဿနာများ၊ ကျူး ကျော်ကိစ္စရပ်များကိုလည်း ရင်ဆိုင်ကြုံတွေ့ကြရမည်ဖြစ်ပါသည်။ ပေါ်ပေါက်လာသည့် အခက်အခဲပြဿနာများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းအဖြေရှာကြရမည်ဖြစ်ပါသည်။

အဆိုပါ ပြဿနာများကို ဖြေရှင်းနိုင်ရန် နိုင်ငံတော်မှ နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်သမ္မတကြီးကလည်း ဩဂုတ် ၂၀ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမလေးလပတ်အစည်းအဝေးတွင် အိုးမဲ့အိမ်မဲ့၊ ကျူးကျော်ကိစ္စရပ်များကို အလေးထားဖြေရှင်းရေး၊ ရန်ကုန်၊ မန္တလေးတွင်သာမက အခြားမြို့ကြီးများတွင်ပါ Public Housing Project များကို သက်သာသောဈေးနှုန်းများဖြင့် ဆင်းရဲနွမ်းပါးသူများ၊ အိုးမဲ့အိမ်မဲ့များ နေထိုင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

လက်ရှိတွင် ရန်ကုန်၊ မန္တလေးတို့၌ တန်ဖိုးနည်းအိမ်ရာစီမံကိန်းများကို တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယင်းစီမံကိန်းများသည် ပြည်သူများ၏ အမှန်တကယ်လိုအပ်ချက်ဖြစ်သဖြင့် လွန်စွာမှ ကောင်းမွန်လှပါသည်။ ထို့မျှမက နိုင်ငံတစ်ဝန်း မြို့ကြီးများတွင် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများဖော်ဆောင်၍ ယင်းဒေသရှိ ဆင်းရဲသားလူတန်းစားများ အမှန်တကယ်ဝယ်ယူပိုင်ဆိုင်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ပေးသင့်ပါသည်။ ထိုသို့ တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးခြင်းဖြင့် အိမ်ငှားနေထိုင်သည့် လက်လုပ်လက်စားများ၏ လူမှုစီးပွားဘဝများမြင့်မားလာသကဲ့သို့ တစ်ဖက်ကလည်း ဆင်းရဲမှုနှုန်း လျော့နည်းလာစေမည်ဖြစ်ပါသည်။

အိမ်ရာပိုင်ဆိုင်မှုအခွင့်အလမ်း နည်းပါးသူများအနက် ဝင်ငွေနည်းပြည်သူများနှင့် ဝန်ထမ်းများမှာ အများဆုံးပါဝင်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ပြည်သူများ၏ လူမှုဘဝများ အဆင်ပြေချောမွေ့စေရေး သမ္မတကြီး၏ စေတနာထားလမ်းညွှန်ပြောကြားခဲ့သည့် ပြည်သူ့အိမ်ရာစီမံကိန်းကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားခြင်းဖြင့် မိသားစုတိုင်း အိမ်ရာပိုင်ဆိုင်နိုင်မည်ဟု ယုံကြည်မိပါသည်။နိုင်ငံတော်မှ ပြည်သူများ၏ လူမှုဘဝများဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်းများချမှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မိဘပြည်သူများကလည်း မိမိတို့၏ မိသားစုတစ်စုချင်းစီမှသည် မိမိတို့နိုင်ငံကြီး ခေတ်မီဖွံ့ဖြိုးစေရန် အင်တိုက်အားတိုက် ကြိုးပမ်းလုပ်ဆောင်သွားကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်လမ်းညွှန်မှာကြားချက်နှင့်အညီ ပြည်သူကိုဗဟိုပြု၍ နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေချိန်တွင် ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြင့်လည်းကောင်း၊ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးသည့်နိုင်ငံကြီးကို တည်ဆောက်ရာတွင် ပြည်သူများ၏စွမ်းအားများ အပြည့်အဝစွမ်းဆောင်နိုင်ခြင်းဖြင့်လည်းကောင်း ပြည်သူများ၏ လူမှုဘဝများ အဆင်ပြေချောမွေ့စေရုံမျှမက ဖွံ့ဖြိုးမှုအနည်းဆုံး ၄၉ နိုင်ငံအတွင်းမှ ရုန်းထွက်နိုင်လိမ့်မည်ဟု ကြေးမုံက ယုံကြည်မိပါသည်။ ။

တတိယအဆင့်အရှိန်အဟုန်မြှင့်တင်မှုလုပ်ငန်းများ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၂

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု တတိယအဆင့် (Third Wave)အရှိန်အဟုန်မြှင့်တင်မှုလုပ်ငန်းစဉ်များ ဆွေးနွေးပွဲကို ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော် လယ်ဝေးမြို့နယ် သီရိမင်္ဂလာခန်းမ၌ ကျင်းပခဲ့ရာ ဒုတိယဝန်ကြီး ဦးတင်ငွေက နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုကို နောက်ဆုံးအဆင့်အနေဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရာတွင် ရေရှည်အတွက် အခြေခံအုတ်မြစ်များ ခိုင်မာအောင် ချမှတ်နိုင်ရန်နှင့် ပြည်သူတို့၏ လူမှုစီးပွား ဦးစားပေးလိုအပ်ချက်များကို ချက်ချင်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ပြီး ပြုပြင်ပြောင်းလဲမှု တတိယအဆင့်ကို အကောင်အထည်ဖော်ခြင်းဖြစ်ပါကြောင်း၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံအဖြစ် ရေရှည်တည်တံ့နိုင်ရန် ဒီမိုကရေစီအလေ့အကျင့်များ ရှင်သန်လာအောင် ဆောင်ရွက်ပေးပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစ်ပြိုင်နက်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ပြည်သူတို့၏ လူမှုစီးပွားလိုအပ်ချက်များကို ဖြည့်ဆည်းပြုပြင်ဆောင်ရွက်ရန် လိုအပ်သည့် မူဝါဒ၊ လုပ်ငန်းစဉ်များ၊ ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး အစီအမံများစနစ်တကျ ချမှတ်ဆောင်ရွက်သွားရန်ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်	ရွှေဈေး	၆၇၀၀၀၀	-	၆၇၀၀၀၀
မန္တလေး	ရွှေဈေး	၆၇၀၀၀၀	-	၆၇၀၀၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၂၀၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၄၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၁. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၂၈၉. ၀
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၇. ၈၅
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၀. ၃၈၂
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၆. ၇၄
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၀၀၃
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၃၄. ၃၃
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၅. ၁၁၇
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၀၃. ၂၆
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၇. ၄၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်အတွင်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု

မော်လမြိုင် ဩဂုတ် ၂၂

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း မွန်ပြည်နယ် မြို့နယ် ၁၀ မြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ကျေးလက်လမ်း ၈၃ မိုင် (၃ ဒသမ ၀၇ ဖာလုံ)၊ ကျေးလက်တံတား ၄၁ စင်း၊ ရေပြွန် ၁၀၃ခု၊ ကျေးလက်ရေပေးဝေရေးလုပ်ငန်း ၅၀ခု၊ ကျေးလက်အိမ်ရာလုပ်ငန်း ၆၈ လုံး၊ ယင်လုံအိမ်သာ အလုံး ၂၀၀ နှင့် ကျေးလက်မီးလင်းရေးအတွက် လုပ်ငန်း ၂၆၁ ခု ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသနေ ပြည်သူများ ဝင်ငွေတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအား အကောင်အထည်ဖော်လျက်ရှိရာကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၃၀၀ ဖြင့်ကျေးရွာ ၂၁ ရွာအတွက် ကျပ်သိန်း ၆၃၀၀ အား မြို့နယ်/ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှမြစိမ်းရောင်ကျေးရွာရန်ပုံငွေ ကြီးကြပ်ရေးကော်မတီအသီးသီးသို့ အရင်းမပျောက် မတည်ငွေအဖြစ် လွှဲပြောင်းထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

(ခင်မျိုးနိုင်)

မြန်မာနိုင်ငံ၏ လက်ရှိငြိမ်းချမ်းရေးဖော်ဆောင်နေမှု လုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဦးခင်ရီနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏လက်ရှိ ငြိမ်းချမ်းရေးဖော်ဆောင်နေမှု လုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ သတင်းလွတ်လပ်ခွင့်ဆိုင်ရာ ကိစ္စရပ်များ၊ ဒီမိုကရေစီရှင်သန်ရေး၊ လူငယ်များအနာဂတ်ကောင်းမွန်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၂

၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ရုံးဝင်း၌ ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း**(ဝဲပုံ)**၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုံ၊ ဒုတိယသမ္မတ ဦးညွန့်ထွန်း၏ဇနီး ဒေါ်ခင်အေး မြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ နာယကများ၊ ဝန်ကြီးဌာနများမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယကများက သတ်မှတ်နေရာများတွင် စိန်တလုံး သရက်ပင်များကို စိုက်ပျိုးပေးကြပြီး ဝန်ထမ်းကသစ်ပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့ သစ်ပင်စိုက်ပျိုးပွဲတွင် သရက်၊ သဘော်၊ ဒန့်သလွန်၊ ကံ့ကော်၊ ခရေ၊ ငှက်ပျော၊ ငုဝါ၊ စိန်ပန်းပင်များနှင့် သီးပင်စားပင်၊ ပန်းအလှပင် စုစုပေါင်း ၅၃၆ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့နယ်လုံးကျွတ် အသက် ခြောက်လမှ ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေနှင့် သံချဆေးတိုက်ကျွေး

မြန်အောင် ဩဂုတ် ၂၂

မြန်အောင်မြို့နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုများအဖြစ် ဩဂုတ်လ ပထမပတ်တွင် မိခင်နို့တိုက်ကျွေးရေး၊ ဒုတိယပတ်တွင် အသက်ငါးနှစ်အောက်ကလေး အာဟာရဖွံ့ဖြိုးရေး၊ တတိယပတ်တွင် ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင် အာဟာရဖွံ့ဖြိုးရေးနှင့် စတုတ္ထပတ်တွင် အိုင်အိုဒင်းချို့တဲ့ရောဂါပပျောက်ရေး ရက်သတ္တပတ်များအဖြစ် မြို့နယ်လုံးကျွတ်ဆောင်ရွက်လျက်ရှိရာ အသက်ခြောက်လမှ ငါးနှစ်အောက် ကလေးများအား ဗီတာမင်အေနှင့် သံချဆေးတိုက်ကျွေးခြင်းကို ဩဂုတ် ၂၂ ရက်က မြန်အောင်မြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများတွင် မြို့နယ်ကျန်းမာရေးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အသက် ငါးနှစ်အောက်ကလေးများကို ဗီတာမင်အေတိုက်ကျွေးခြင်းသည် ကလေးများအတွက် အမြင်အာရုံချို့တဲ့ခြင်းကင်းဝေးစေပြီး မျက်စိအမြင်အားကောင်းစေခြင်းနှင့် သန်ချဆေးတိုက်ကျွေးခြင်းကြောင့် ကလေးများတွင် သွေးအားနည်းရောဂါနှင့် သန်ကောင်ကြောင့်ဖြစ်တတ်သောရောဂါများမှ ကင်းဝေးစေရန် ရည်ရွယ်၍ ဗီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေးကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ဝင်းဗိုလ် (မြန်/ဆက်)

ဒီမိုကရေစီဖော်ဆောင်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော်　ဩဂုတ်　၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် သီရိလင်္ကာနိုင်ငံ သမ္မတဟောင်း Chandrika Bandaranaike Kumaratunga ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် ဒီမိုကရေစီဖော်ဆောင်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်များနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတို့မှ ဦးစီးအဖွဲ့ဥက္ကဋ္ဌများ ဧက (၉၀၀) တစ်ဆက်တစ်စပ်တည်း အော်ဂဲနစ်သီးနှံအရောင်းပြခန်းနှင့် အော်ဂဲနစ်သီးနှံစိုက်ခင်းများအား ကွင်းဆင်းလေ့လာ

နေပြည်တော်　ဩဂုတ်　၂၂

လေးလပတ်အစည်းအဝေး တက်ရောက်ရန်အတွက် နေပြည်တော်၌ ရောက်ရှိနေကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အစိုးရအဖွဲ့ ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတို့မှ ဦးစီးအဖွဲ့ဥက္ကဋ္ဌတို့သည် ယနေ့ နံနက် ၇ နာရီခွဲတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ စက်စက်ယို ဆည်ရေသောက်စနစ် ဧက (၉၀၀)တစ်ဆက်တစ်စပ်တည်း အော်ဂဲနစ်စိုက်ခင်းများသို့ ကွင်းဆင်းလေ့လာကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က စိုက်ကွင်းတစ်ကွင်းချင်းအလိုက် ကိုယ်တိုင်လိုက်လံပြသ ရှင်းလင်းပြောကြားခဲ့သည်။**(အပေါ်ယာပုံ)**

ရှေးဦးစွာ နယူးဧရာကုမ္ပဏီလီမိတက်၏ ဓာတုကင်းလွတ်ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံအဆင့်မြင့် အအေးခန်းအရောင်းဆိုင်သို့ ရောက်ရှိလေ့လာကြရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် နိုင်ငံတစ်ဝန်းရှိ နိုင်ငံသားအားလုံးတို့၏ နေ့စဉ် စားရေရိက္ခာလိုအပ်ချက်နှင့် ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် အာဟာရပြည့်စွာ စားသုံးနိုင်ရေး လိုအပ်ချက်ကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါကြောင်း။

တစ်ချိန်တည်း တစ်ပြိုင်တည်းတွင် ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံ စိုက်ပျိုးထုတ်လုပ်ကြသည့် လုပ်ကွက်ငယ်တောင်သူလယ်သမားများ ဝင်ငွေနှင့် လူနေမှုဘဝတိုးတက်စေရေး ရည်မှန်းချက်ကိုလည်း တစ်ပြိုင်တည်း ဖော်ဆောင်ပေးလျက်ရှိပါကြောင်း၊ ဓာတုကင်းလွတ်အော်ဂဲနစ်သီးနှံများကို စိုက်ပျိုးကြခြင်းဖြင့် စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းစွာ၊ လုံခြုံစိတ်ချစွာ စားသုံးနိုင်မည့်အပြင် အာဟာရတန်ဖိုးကြီးမားသည့်အတွက် ကျန်းမာရေးနှင့် အထူးညီညွတ်ပြည့်စုံမှုကြောင့် ကမ္ဘာ့ဈေးကွက်တွင် ဓာတုကင်းလွတ်သီးနှံများသည် တွင်ကျယ်စွာရောင်းရလျက်ရှိပြီး လူကြိုက်အလွန်များလျက်ရှိပါကြောင်း။

တောင်သူများ၏ ရာသီအလိုက် တစ်ချိန်တည်းတစ်ပြိုင်တည်း ထွက်ရှိလာသောသီးနှံများကို နိုင်ငံခြားဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီရေးလိုအပ်ချက်အပေါ် ဤ ဧက (၉၀၀) စိုက်ကွင်းမှတောင်သူများအား ပညာပေးပြီး GAP စိုက်နည်းစနစ်များနှင့် အော်ဂဲနစ်စိုက်နည်းစနစ်များကိုလည်း လေ့ကျင့်ပေးလျက်ရှိပါကြောင်း။

ဈေးကွက်၏လိုအပ်ချက်အရ အလုံအလောက် ထုတ်ပေးနိုင်ရေးအတွက် ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုးစနစ်ဖြင့် စီးပွားဖြစ် တစ်ဆက်တစ်စပ်တည်း စိုက်ကွင်းများထူထောင်ပြီး သပြေကုန်းကျေးရွာမှ တောင်သူလယ်သမားများ ကိုယ်တိုင်ပါဝင်ကြသည့် စိုက်ကွင်းများဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အသင့်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတို့မှ ဦးစီးအဖွဲ့ဥက္ကဋ္ဌများသည် အော်ဂဲနစ်ဟင်းသီးဟင်းရွက်များအား ပိုက်ကွန်စနစ်၊ တိုက်ရိုက်ရေဖျန်းစနစ်တို့ဖြင့် စနစ်တကျစိုက်ပျိုးထားရှိမှု၊ အဆစ်ပျိုးထောင် စိုက်နည်းစနစ်သစ်ဖြင့် စိုက်ပျိုးထားသည့် တစ်ဧကတန် ၈၀ ထွက်ရှိမည့် ကြံစိုက်ခင်းများ၊ ငွေချည်(၉)နှင့် ရွှေတောင်(၈)အထူးအထွက်တိုးချည်မျှင်ရှည်ဝါစိုက်ခင်းများ၊ ကညွတ်စိုက်ခင်းများ၊ တစ်ဆက်တစ်စပ်တည်း ဧက(၉၀၀) စိုက်ခင်းများနှင့် ဟင်းသီးဟင်းရွက်ပျိုးရုံတို့အား လှည့်လည် ကြည့်ရှုလေ့လာကြရာ ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက စိုက်နည်းစနစ်၊ အရင်းအနှီး၊ အပင်ဝင်ဆန့်မှု၊ သီးနှံအထွက်နှုန်းနှင့် ရရှိမည့် အကျိုးအမြတ်တို့ကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌများသည် အဆင့်မြင့်သစ်သီးဝလံအအေးခန်းနှင့် ထုပ်ပိုးစက်ရုံသို့ ရောက်ရှိပြီး ခေတ်မီစက်ပစ္စည်းများအသုံးပြု၍ သစ်သီးဝလံများအား တန်ဖိုးမြင့်ထုတ်ကုန်များပြုလုပ်ကာ စနစ်တကျထုပ်ပိုးထားမှုများကို လေ့လာကြရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက သီးနှံအမယ်အလိုက် ထုတ်လုပ်မှုနှင့် ဈေးကွက်အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးက လယ်ယာကဏ္ဍထွက်ကုန် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို တန်ဖိုးမြင့် ထုတ်ကုန်များအဖြစ်ထုတ်လုပ်၍ ထုပ်ပိုးမှုကောင်းကောင်းဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်ကိုက်ညီစွာ စနစ်တကျထုပ်ပိုး တင်ပို့ရောင်းချခြင်းအားဖြင့် မူလရရှိသည့်တန်ဖိုးထက် အဆပေါင်းများစွာ တိုးတက်လာနိုင်သဖြင့် အခြေခံစိုက်ပျိုးထုတ်လုပ်နေသည့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိခံစားနိုင်မည်ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တန်ဖိုးမြင့်ထုတ်လုပ်သည့် လယ်ယာထွက်ကုန်များ၊ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ ထူထောင် အကောင်အထည်ဖော်ဆောင်နိုင်ရေး၊ ပုဂ္ဂလိကအခန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံအကောင်အထည်ဖော်ဆောင်ရွက်ကြရေးအတွက် နိုင်ငံတော်သမ္မတ၏ တိုက်တွန်းလမ်းညွှန်ချက်များအပေါ် အထူးအလေးထား၍ အကောင်အထည်ဖော် ပေးကြရန် ဆွေးနွေးပြောကြားခဲ့သည်။

ထို့ပြင် ဤသို့ဆောင်ရွက်နိုင်ခြင်းအားဖြင့် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသော တောင်သူလယ်သမားများ ဒေသအလိုက်ဝင်ငွေများ တိုးတက်ရရှိလာမည်ဖြစ်သည့်အတွက် နိုင်ငံတော်၏ ယနေ့မျှော်မှန်းချက်ဖြစ်သော ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်း၊ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံစာရင်းတို့မှ လက်တွေ့လွန်မြောက်နိုင်မည်မှာ အလွန်သေချာပါကြောင်းဖြင့်လည်း ပြည်ထောင်စုဝန်ကြီးက အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

(သတင်းစဉ်)

ဘရူနိုင်းဘုရင့် ဖလားဗိုလ်လုပွဲ ယနေ့ကစားမည်

ရန်ကုန်　ဩဂုတ်　၂၂

ဘရူနိုင်းဘုရင့်ဖလား ဘောလုံးပြိုင်ပွဲတွင် ခြေစွမ်းပြနေသည့် မြန်မာယူ-၁၉ အသင်းသည် ချန်ပီယံဆုနှင့် လက်တစ်ကမ်းအကွာသို့ ရောက်ရှိနေပြီဖြစ်ပြီး ဗီယက်နမ်အသင်းနှင့် ဗိုလ်လုပွဲကစားရတော့မည်ဖြစ်သည်။ မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့သည် ဩဂုတ် ၂၃ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာယူ-၁၉ အသင်းမှာ ယခုပြိုင်ပွဲတွင် သိသိသာသာ ခြေစွမ်းပြနေသည့်အသင်းဖြစ်ပြီး ငါးပွဲစလုံး အနိုင်ရရှိခဲ့သည်။ အာရှယူ-၁၉ ပြိုင်ပွဲအတွက် အခိုကပြင်ဆင်နေသည့် မြန်မာယူ-၁၉ အသင်းမှာ ပြင်ဆင်ချိန် ငါးလနီးပါး အတွင်း၌ ပိုမိုကောင်းမွန်သည့်အသင်းအဖြစ်တည်ဆောက်နိုင်ခဲ့ပြီး ယခုပြိုင်ပွဲတွင်လည်း ချန်ပီယံဆုနှင့် လက်တစ်ကမ်းအကွာသို့ရောက်ရှိနေပြီဖြစ်သည်။

မြန်မာယူ-၁၉ အသင်းမှာ ယခုပြိုင်ပွဲတွင် အုပ်စု(က)၌ ပါဝင်ခဲ့ပြီး ထိုင်းအသင်းကို သုံးဂိုး-နှစ်ဂိုး၊ တီမောအသင်းကို သုံးဂိုး-တစ်ဂိုး၊ လာအိုအသင်းကို သုံးဂိုး-နှစ်ဂိုး၊ ဖိလစ်ပိုင်အသင်းကို သုံးဂိုး-တစ်ဂိုးတို့ဖြင့် လေးပွဲစလုံး အနိုင်ရရှိခဲ့ပြီး အုပ်စုပထမရရှိခဲ့သည်။ ဆီမီးဖိုင်နယ်တွင် မလေးရှားအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိကာ မြန်မာတို့ဗိုလ်လုပွဲတက်ခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်အသင်းမှာမူ အုပ်စု(ခ)၌ ပါဝင်ခဲ့ပြီး စင်ကာပူအသင်းကို လေးဂိုး-ဂိုးမရှိ၊ အင်ဒိုနီးရှားအသင်းကို သုံးဂိုး-တစ်ဂိုး၊ ကမ္ဘောဒီးယားအသင်းကို သုံးဂိုးပြတ်တို့ဖြင့် အနိုင်ရပြီး ဘရူနိုင်းနှင့် နှစ်ဂိုးစီ သရေကျကာ မလေးရှားကို နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ ငါးပွဲကစားရာတွင် သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ ၁၀ မှတ် ရရှိခဲ့ပြီး ဂိုးကွာခြားချက်ဖြင့် ဗီယက်နမ်အသင်းက အုပ်စုပထမရရှိခဲ့သည်။ ဆီမီးဖိုင်နယ်တွင် ဗီယက်နမ်က နာမည်ကြီးထိုင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲကစားမည့် မြန်မာနှင့် ဗီယက်နမ်အသင်းတို့မှာ ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲတွင် တစ်ကြိမ်မျှ ဗိုလ်စွဲဖူးခြင်းမရှိသေးဘဲ ချန်ပီယံဆုကို ပထမဆုံးအကြိမ် ဘယ်အသင်းဆွတ်ခူးမလဲဆိုတာ။

(ရှိုင်းထက်ဇော်)

အားကစားမြှင့်တင်စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

ပြည်တွင်းရေးရာ

နှစ်နိုင်ငံအကြား စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် သီရိလင်္ကာနိုင်ငံသမ္မတဟောင်း မစ္စစ်ချန်ဒရိကာဘန်ဒရာ နိုက်ကေးကုမာရတွန်ဂါအား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးသာ၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာ-သီရိလင်္ကာနှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ခိုင်မာရေးဆောင်ရွက်မှု၊ သီရိလင်္ကာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်မှု၊ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆောင်ရွက်မှု၊ နှစ်နိုင်ငံအကြား စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဒီဂျေနမ်ဘီးယားအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဒီဂျေနမ်ဘီးယားအား ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဝဲပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးဌေးဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ နိုင်ငံရေး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် ဖြစ်ပေါ်တိုးတက်မှု အခြေအနေနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ဆောင်ရွက်မှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အစည်းအဝေး ဖိတ်ကြား

နေပြည်တော် ဩဂုတ် ၂၂

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီအစည်းအဝေး(၃၆/၂၀၁၄)ကို စက်တင်ဘာ ၄ ရက်(ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီဝင်များနှင့် အကြံပြုဆွေးနွေးရန် သတ်မှတ်ခွင့်ပြုထားသော လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များအား အစည်းအဝေးတက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီရုံးခန်းသို့ စက်တင်ဘာ ၃ ရက် (ဗုဒ္ဓဟူးနေ့) ရုံးချိန်အတွင်း သတင်းပေးပို့ရမည်ဖြစ်ပါကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တယ်လီနောတေးသွားပြိုင်ပွဲ နောက်ဆုံးအဆင့်ရွေးချယ်

ရန်ကုန် ဩဂုတ် ၂၂

နော်ဝေးနိုင်ငံအခြေစိုက် မိုဘိုင်းဝန်ဆောင်မှုလုပ်ငန်းတယ်လီနောမှ ကျင်းပသည့် တေးသွားငွေကြယ်ပွင့် နောက်ဆုံးအဆင့် ဆန်ခါတင်ရွေးချယ်ပွဲကို ယနေ့တွင် ရန်ကုန်မြို့ ပတ်ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါနောက်ဆုံးအဆင့်ရွေးချယ်ပွဲတွင်ဆန်ခါတင်သုံးဦးအနက် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်မှ လင်းမြတ်အောင်က ပထမရရှိကာ ဆုငွေ ကျပ်သိန်း ၁၀၀ ချီးမြှင့်ခံခဲ့ရပြီး ဒုတိယနှင့်တတိယဆုများကို အဲနေထူးနှင့် သော်ဇင်ဟိန်းတို့ကရရှိပြီး တစ်ဦးလျှင် ဆုငွေကျပ်သိန်း ၂၀ ရရှိခဲ့သည်။

အဆိုပါတယ်လီနော၏တေးသွားငွေကြယ်ပွင့်ပြိုင်ပွဲကို ဇွန် ၂၅ ရက်မှ ဇူလိုင် ၂၅ ရက်အထိပြုလုပ်ခဲ့ပြီး တစ်နိုင်ငံလုံးရှိဂီတဝါသနာရှင်များက ပေးပို့ခဲ့သည့်တေးသွား ၈၅၀၀ ကို ရရှိခဲ့ကြောင်း၊ ဆန်ခါတင် သုံးဦးကို ဒိုင်များဖြစ်သော လင်းလင်း၊ မိရာမိုရ်နှင့် ခင်မြတ်မွန်တို့အပါအဝင် တယ်လီနောဝန်ထမ်းတချို့က ရွေးချယ်ခဲ့ကြောင်း၊ အနိုင်ရရှိသူကို မြန်မာပြည်သူများက Facebook နှင့် SMS သို့ တယ်လီဖုံးမှတစ်ဆင့် ဆက်သွယ်မဲပေးကာရွေးချယ်ခဲ့ကြောင်း၊ မဲရွေးချယ်မှု၌ ပါဝင်ခဲ့သူများကိုလည်း မိုဘိုင်းဖုန်းအလုံး ၁၀၀ ကို မဲနှိုက်ရွေးချယ်ခဲ့ကြောင်းသိရသည်။

အနိုင်ရရှိခဲ့သည့်တေးသွားကို တယ်လီနောမြန်မာ၏ မူပိုင်တေးသွားသင်္ကေတအဖြစ် အသုံးပြုမည်ဖြစ်သည့်အပြင် တီဗွီကြော်ငြာ၊ ရေဒီယိုကြော်ငြာ

အပါအဝင် call centre ၌အသုံးပြုသော စောင့်ဆိုင်းတေးသွား၊ မိုဘိုင်းတေးသွား၊ မိုဘိုင်း ring tone နှင့် အလိုအလျောက်ဖြေကြားစနစ် အစရှိသော တယ်လီနောနှင့်သက်ဆိုင်သည့် ဝန်ဆောင်မှုများတွင် အသုံးပြုသွားမည်ဟု သိရသည်။ **(ဒီမွန်)**

နှစ်ဆယ့်တစ်ရာစုအဆင့်မြင့်ပညာဆိုင်ရာကျွမ်းကျင်မှုအရည်အသွေးများနှင့် ဒဿနိကဗေဒဘာသာရပ်၏အခန်းကဏ္ဍ

ဒေါက်တာလဲ့လဲ့ဝင်း(ရန်ကုန်တက္ကသိုလ်)

နှစ်ဆယ့်တစ်ရာစုရဲ့ပထမဆယ်စုနှစ်ကိုကျော်လွန်လာခဲ့ပြီဖြစ်တဲ့လက်ရှိကာလမှာနိုင်ငံတကာရဲ့အဆင့်မြင့်ပညာကဏ္ဍဆိုင်ရာ အခင်းအကျင်းတွေဟာအလွန်သိသာလျင်မြန်စွာပြောင်းလဲတိုးတက်နေကြပါတယ်။ လွန်ခဲ့ပြီဖြစ်တဲ့နှစ်ဆယ်ရာစုပညာရေးကဏ္ဍမှာကျင့်သုံးခဲ့တဲ့သင်ကြားသင်ယူမှုဆိုင်ရာ နည်းစနစ်တွေဟာလည်းတော်တော်များများပြောင်းလဲခဲ့ပြီဖြစ်ပါတယ်။ နေ့စဉ်နဲ့အမျှပြောင်းလဲရှုပ်ထွေးလာနေတဲ့လူမှုရေး၊စီးပွားရေး၊ နိုင်ငံရေးနဲ့နိုင်ငံတကာဆက်ဆံရေးနည်းဗျူဟာတွေရဲ့လိုအပ်ချက်အရ ကမ္ဘာ့နိုင်ငံအသီးသီးမှာတက္ကသိုလ်၊ကောလိပ်များကမွေးထုတ်ပေးလိုက်တဲ့ လူငယ်လူရွယ်ပညာတတ်များရဲ့ အရည်အသွေးအာမခံချက်အပေါ် မေးခွန်းတွေထုတ်လာ၊မျှော်လင့်ချက်အသစ်တွေထားလာနေကြပါတယ်။ ဒါကြောင့်လည်းတစ်ခေတ်တစ်ခါကကျင့်သုံးခဲ့ကြတဲ့စနစ်အရ ဝိဇ္ဇာ၊သိပ္ပံဘာသာရပ်များကို သက်ဆိုင်ရာဘာသာရပ်အသီးသီးက တစ်သီးတခြားစီလေ့လာကျွမ်းဝင်အောင်ပြုစုပျိုးထောင်ပေးတဲ့စနစ်များ၊ သင်ကြားရေးမဟာဌာန(Faculty)များနဲ့ ဘာသာရပ်ဌာနများ(Departments)ရဲ့ဖွဲ့စည်းပုံများဟာလည်း ခေတ်နဲ့အညီပြောင်းလဲလာနေကြပြီဖြစ်ပါတယ်။ ဒါတင်မက တက္ကသိုလ်တွေရဲ့သင်ကြားရေးစနစ်တွေမှာလည်း စာသင်ခန်းအတွင်း သင်ကြားသင်ယူမှုကိုသာအခြေပြုတဲ့နည်းစနစ်ကနေသု တေသနပြုလုပ်ခြင်းကို အလေးထားကာ ဘာသာရပ်များအကြားအချင်းချင်းအပြန်အလှန် အမြင်ချင်းဖလှယ်ပြီးဖြန့်ကြက်အဖြေရှာတဲ့စနစ်(Interdisciplinary and Multidisciplinary System) ကို ပြောင်းလဲကျင့်သုံးနေကြပါပြီ။

တကယ်တမ်းစဉ်းစားမြော်မြင်ကြည့်တတ်မယ်ဆိုရင် တက္ကသိုလ်တွေကသင်ကြားပို့ချပေးလိုက်တဲ့ဝိဇ္ဇာပညာရပ်တွေရော သိပ္ပံပညာရပ်တွေပါကမ္ဘာလောကကောင်းကျိုးကိုရှေးရှုပြီး လူသားတွေရဲ့ဘဝလုံခြုံရေး၊တိုးတက်ဖွံ့ဖြိုးရေးနဲ့တည်တံ့ခိုင်မြဲရေးတွေကိုဦးတည်ချက်အဖြစ် ထားနေကြတာဖြစ်ပါတယ်။ ဥပမာပြရမယ်ဆိုရင် လူ့အဖွဲ့အစည်းတွေရဲ့ရုပ်ပိုင်းဘဝတိုးတက်မှု၊လူနေမှုအဆင့်အတန်းမြင့်မားမှုစတာတွေကို သိပ္ပံဘာသာရပ်များနဲ့နည်းပညာတိုးတက်မှုတွေကပံ့ပိုးပေးနိုင်သလို ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုတွေရဲ့ဘေးထွက်ဆိုးကျိုးတွေဖြစ်တဲ့ သဘာဝပတ်ဝန်းကျင်ရဲ့ ဆုတ်ယုတ်ပျက်စီးမှုတွေကိုအစဉ်တစိုက်စောင့်ကြည့်ပြီး လူနဲ့သဘာဝလောကနှစ်ခုလုံးစည်းချက်ညီညီတိုးတက်ကာသာယာဝပြောတဲ့ လူမှုအသိုက်အဝန်းများကို ရေရှည်တည်တံ့အောင်မည်သို့မည်ပုံပြုစုပျိုးထောင် ထိန်းသိမ်းဆောင်ရွက်သွားသင့်သလဲဆိုတဲ့လူ့အပြုအမူဆိုင်ရာအားနည်းချက်၊အားသာချက်များကို ဆွေးနွေးဝေဖန်ထောက်ပြအကြံပြုပံ့ပိုးဆောင်ရွက်ပေးခြင်းကိုတော့ ဝိဇ္ဇာဘာသာရပ်များက စွမ်းဆောင်ပေးကြမှာပါ။

ဝိဇ္ဇာဘာသာရပ်တွေထဲမှာမှ ဒဿနိကဗေဒ(Philosophy)ဘာသာရပ်ဟာအခြားသောဝိဇ္ဇာဘာသာရပ်များဖြစ်ကြတဲ့ သမိုင်း၊ပထဝီဝင်၊ မနုဿဗေဒ၊ ရှေးဟောင်းသုတေသန၊နိုင်ငံတကာဆက်ဆံရေး၊ဥပဒေ၊စိတ်ပညာအစရှိတဲ့ဘာသာရပ်တွေနဲ့အနည်းငယ်ကွဲပြားတဲ့သဘောသဘာဝရှိပါတယ်။ အဲဒါကတော့ အခြားဝိဇ္ဇာဘာသာရပ်များကဲ့သို့ သက်ဆိုင်ရာဘာသာရပ်နယ်ပယ်အလိုက်အချက်အလက်ကောက်ယူစုဆောင်းမှုအပေါ် အခြေပြုတာထက်ရှာဖွေရရှိပြီးသားအချက်အလက်များအပေါ် စဉ်းစားဆင်ခြင်သုံးသပ်လေ့လာပြီးနောက်ထပ်အချက်အလက်အသစ်များရှာဖွေရာမှာ အထောက်အပံ့ပြုနိုင်မယ့် အတွေးသစ်အမြင်သစ်များဖော်ထုတ်ညွှန်ပြပေးခြင်းတို့ကိုအလေးထားဆောင်ရွက်တဲ့ဘာသာရပ်ဖြစ်တာပါပဲ။ ဒဿနိကဗေဒဘာသာရပ်ဆိုင်ရာလေ့လာမှုမှာ အစဉ်အလာအရအဓိကကဏ္ဍကြီးများဖြစ်ကြတဲ့စကြဝဠာကမ္ဘာလောကမှာ ဖြစ်ပေါ်တည်ရှိနေတဲ့ အစစ်အမှန်လောကအကြောင်းအလေးထားလေ့လာတဲ့ရှိမှုဗေဒ(Ontology/Metaphysics)၊အသိပညာဆိုင်ရာ အရင်းအမြစ်များနဲ့ အသိပညာရှာဖွေမှုနည်းလမ်းများစတဲ့စိတ်ပိုင်းဆိုင်ရာအကြောင်း အလေးထားလေ့လာတဲ့သိမှုဗေဒ(Epistemology)၊ ကျိုးကြောင်းဆက်စပ်ဆင်ခြင်စဉ်းစားမှုကို အလေးထားလေ့လာတဲ့ယုတ္တိဗေဒ(Logic)၊လူမှုအဖွဲ့အစည်းတိုင်းရဲ့ငြိမ်းချမ်းစွာရေရှည်တည်တံ့ခိုင်မြဲရေးမှာအလွန်အရေးပါတဲ့ ကိုယ်ကျင့်တရားဆိုင်ရာကျင့်ဝတ်စည်းကမ်းနှုန်းစံများကိုအလေးထားလေ့လာတဲ့ကိုယ်ကျင့်တရားပညာ(Ethics) တို့အပြင် ဒဿနိကဗေဒဘာသာရပ် လေ့လာမှုနယ်ပယ်ရဲ့ထူးခြားတဲ့ဝိသေသကိုကိုယ်စားပြုထင်ဟပ်နေတဲ့လေ့လာမှု နယ်ပယ်ကတော့Philosophy of X ဆိုတဲ့ကဏ္ဍဖြစ်ပါတယ်။

ဒီကဏ္ဍဟာအခြားသောဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်အသီးသီးကိုလည်းကောင်း၊ ယင်းဘာသာရပ်များအကြားရှိပေါင်းကူးယှက်နွယ်လျက်ရှိသောအတွေးအမြင်အသစ်များကိုလည်းကောင်း ဖော်ထုတ်ဆက်စပ်လေ့လာတဲ့ကဏ္ဍဖြစ်ပါတယ်။ဥပမာပြရရင်အနုပညာလက်ရာများနဲ့ သီအိုရီများ၊ သမိုင်းကြောင်းများကို အတွေးအခေါ်ရှုထောင့်ကလေ့လာတဲ့အနုပညာဒဿနလို့ခေါ်တဲ့ရသပညာ(Philosophy of Art or Aesthetics)၊ ပညာရေးဆိုင်ရာသီအိုရီနဲ့လက်တွေ့နည်းစနစ်များကို အတွေးအခေါ်ရှုထောင့်ကလေ့လာတဲ့ပညာရေးဒဿန (Philosophy of Education)၊ ကိုးကွယ်ယုံကြည်မှု၊ ဘာသာတရားများနဲ့ စပ်လျဉ်းပြီးထဲထဲဝင်ဝင်နှိုင်းယှဉ်သုံးသပ်လေ့လာတဲ့ဘာသာတရားဆိုင်ရာဒဿန (Philosophy of Religion)၊ အရှေ့အနောက်လူ့အဖွဲ့အစည်းတွေမှာသမိုင်းစဉ်တစ်လျှောက်လိုက်နာကျင့်သုံးခဲ့ကြတဲ့နိုင်ငံရေးဆိုင်ရာ သဘောတရားများ၊ကျင့်ထုံးများ၊ဖြစ်စဉ်များကိုကျယ်ကျယ်ပြန့်ပြန့်နှိုင်းယှဉ်သုံးသပ်ကာအတွေးအခေါ်ရှုထောင့်မှလေ့လာတဲ့ နိုင်ငံရေးဒဿန (Political Philosophy)၊သိပ္ပံဘာသာရပ်များရှိသီအိုရီများကိုအတွေးအခေါ် ရှုထောင့်ကလေ့လာတဲ့သိပ္ပံဒဿန(Philosophy of Science) စတဲ့အဆင့်မြင့်ပညာရပ်နယ်ပယ်မှာရှိတဲ့လေ့လာမှု ကဏ္ဍတွေဟာလည်းအစဉ်အလာဒဿနိကဗေဒဆိုင်ရာကဏ္ဍများကနေခေတ်စနစ်များနဲ့ လူသားမျိုးနွယ်တို့ရဲ့အသိပညာတိုးတက်ဖြစ်ထွန်းမှုသမိုင်းစဉ်ရဲ့ လိုအပ်ချက်အရပေါ်ပေါက်လာခဲ့တဲ့ဒဿနပညာရဲ့လေ့လာမှုနယ်ပယ်များပဲဖြစ်ပါတယ်။ ဆိုလိုတာက ဒဿနပညာရဲ့လေ့လာမှုနယ်ပယ်ဟာ အဆင့်မြင့်ပညာလေ့လာမှုနယ်ပယ်အသစ်များရဲ့တိုးတက်ဖြစ်ထွန်းမှုနဲ့ တစ်ပြေးညီလိုက်ပါနေပြီး လိုအပ်ချက်အရကဏ္ဍအသစ်အသစ်များလည်းပေါ်ထွက်လာနေမှာပဲဖြစ်ပါတယ်။

ဖော်ပြခဲ့တဲ့အတိုင်းဒဿနိကဗေဒဘာသာရပ်ဟာအခြားဘာသာရပ်များနဲ့နှိုင်းယှဉ်ပါက ပင်ကိုသဘောသဘာဝကိုယ်တိုင်ကလေ့လာမှုနယ်ပယ်ကိုပုံသေဘောင်ခတ်ကန့်သတ်မှုမျိုးမရှိဘဲဝိဇ္ဇာ၊သိပ္ပံဘာသာရပ်များအကြားဖြန့်ကြက်လေ့လာပြီး လိုအပ်သောယှက်နွယ်မှုများကိုဖော်ထုတ်ကာ ဆက်စပ်သုံးသပ်ဝေဖန်ညွှန်ပြပေးတတ်တဲ့သဘောဆောင်ပါတယ်။ ဒီအချက်ကြောင့်ပဲဒဿနိကဗေဒဘာသာရပ်ဟာကမ္ဘာ့နိုင်ငံအသီးသီးမှာရှိကြတဲ့ တက္ကသိုလ်များမှာဘာသာရပ်များအကြား အပြန်အလှန်ဆက်စပ်ပူးပေါင်းဖြန့်ကြက်လေ့လာခြင်းအပေါ်အခြေပြုသော Interdisciplinary and Multidisciplinary Studies နည်းစနစ်များကိုလက်တွေ့ကျကျကျင့်သုံးကာ ဘာသာရပ်အသီးသီးအကြားမှာသင်ကြားရေးနဲ့ သုတေသနများကို ကွန်ရက်ဖြန့်သင်ကြားသင်ယူနေကြတဲ့နှစ်ဆယ့်တစ်ရာစုအဆင့်ပညာကဏ္ဍရဲ့တိုးတက်ဖြစ်ထွန်းမှုခြေလှမ်းသစ်မှာအဓိကအခန်းကဏ္ဍကနေပါဝင်နေပါတယ်။ ဒါကြောင့် အချို့သောနိုင်ငံတကာတက္ကသိုလ်အများစုမှာ ဒဿနိကဗေဒဘာသာရပ်ဟာ လူမှုသိပ္ပံပညာရပ်များ(Disciplines of Social Sciences) ထဲမှာ တစ်ခုအပါအဝင်အဖြစ်သတ်မှတ်ထားပါတယ်။

ဒဿနိကဗေဒဘာသာရပ်ဟာအခြားဘာသာရပ်များနဲ့နှိုင်းယှဉ်ပါက ပင်ကိုသဘောသဘာဝကိုယ်တိုင်ကလေ့လာမှုနယ်ပယ်ကိုပုံသေဘောင်ခတ်ကန့်သတ်မှုမျိုးမရှိဘဲဝိဇ္ဇာ၊သိပ္ပံဘာသာရပ်များအကြား ဖြန့်ကြက်လေ့လာပြီး လိုအပ်သောယှက်နွယ်မှုများကိုဖော်ထုတ်ကာ ဆက်စပ်သုံးသပ်ဝေဖန်ညွှန်ပြပေးတတ်တဲ့သဘောဆောင်ပါတယ်။

ဥပမာခိုင်းနှိုင်းတင်စားပြရမယ်ဆိုရင်ဒဿနပညာရပ်ဟာ'ဆား'နဲ့တူပါတယ်။အရသာကောင်းတဲ့ဟင်းလျာတစ်ခုကိုပြင်ဆင်ချက်ပြုတ်တော့မယ်ဆိုရင်သက်ဆိုင်ရာဟင်းအမျိုးအမည်အလိုက်ပါဝင်ရမယ့်ဟင်းအမယ်တွေရှိရမှာဖြစ်ပါတယ်။ဥပမာအသား၊ငါး၊ဟင်းသီးဟင်းရွက်အပြင် အရသာတိုးပွားစေမယ့်ဟင်းခတ်အမွှေးအကြိုင်တွေကိုလည်း သင့်လျော်သလိုထည့်ရမှာဖြစ်ပါတယ်။ ပါဝင်ပစ္စည်းများရဲ့အချိုးအစားမျှတကျနမှုအပေါ် မူတည်ပြီး အရသာကောင်းမွန်တဲ့ ဟင်းတစ်ခွက်ဖြစ်လာရတာပါ။ ဒါပေမယ့် ဟင်းအမည်ကွဲလို့ပါဝင်ပစ္စည်းများရဲ့အမျိုးအစားသာကွာခြားရင်ကွာခြားသွားမယ်၊ ဟင်းတိုင်းမှာ မပါမဖြစ်တဲ့အဓိကပစ္စည်းကတော့'ဆား'ပါပဲ။အရသာထိန်းညှိပေးမယ့်'ဆား'မပါတဲ့ဟင်းဟာဘယ်လိုပဲကောင်းအောင်ချက်ချက် အရသာမထွက်သလို၊ချင့်ချိန်နှိုင်းဆစိစစ်ဝေဖန်ဆင်ခြင်တွေးတောခြင်းဆိုတဲ့'ဒဿနပညာ'ဆိုင်ရာကျွမ်းကျင်မှုမပါရင်အောင်မြင်ပြီးမြောက်တဲ့ဘယ်လိုသုတေသနနဲ့ဘာသာရပ်မျိုးမှရှိလာနိုင်မှာမဟုတ်ပါဘူး။ဒါကြောင့်လည်းအဆင့်မြင့်ပညာရေးကဏ္ဍမှာဝိဇ္ဇာ၊သိပ္ပံဆိုပြီးဘာသာရပ်တွေဘယ်လိုပဲကွဲပြားပါစေ၊ ဘာသာရပ်တစ်ခုကိုထိပ်ဆုံးရောက်တဲ့အထိ ပါရဂူမြောက်အောင်လေ့လာပြီးဆုံးခဲ့တဲ့သူတွေကိုအစဉ်အလာအားဖြင့် ချီးမြှင့်တဲ့ပါရဂူဘွဲ့ကိုအင်္ဂလိပ်ဘာသာစကားနဲ့ Doctor of Philosophy (PhD) လို့ဘွဲ့အမည်တပ်ပေးတာပါ။ ဆိုလိုတာကသက်ဆိုင်ရာဘာသာရပ်နယ်ပယ်မှာကိုယ်ပိုင်အတွေးအခေါ်သဘောတရားအသစ်(သို့မဟုတ်)အယူအဆတွေ့ရှိချက်အသစ်တစ်ခုကိုဖော်ထုတ်တင်ပြနိုင်တဲ့အဆင့်အထိ ပေါက်မြောက်အောင်မြင်ခဲ့ပြီလို့ အသိအမှတ်ပြုခြင်းခံရတာပါ။"

ဆောင်းပါးအစမှာဖော်ပြခဲ့ပြီးဖြစ်တဲ့အတိုင်း နှစ်ဆယ့်တစ်ရာစုရဲ့တက္ကသိုလ်များကမွေးထုတ်ပေးရမယ့်လူငယ်ပညာတတ်များဟာ၊ အရှိန်အဟုန်နဲ့ပြောင်းလဲနေတဲ့နိုင်ငံတကာရဲ့စီးပွားရေး၊လူမှုရေး၊နိုင်ငံရေး၊ပညာရေးစတဲ့နယ်ပယ်အသီးသီးမှာတက်ကြွအောင်မြင်စွာစွမ်းဆောင်နိုင်ဖို့ဆိုရင်၊ တက္ကသိုလ်မှာအထူးပြုရွေးချယ်သင်ယူခဲ့တဲ့ သီးခြားဘာသာရပ်ဆိုင်ရာကျွမ်းကျင်နှံ့စပ်မှုလောက်နဲ့တင် မလုံလောက်တော့ပါဘူး။ မိမိအထူးပြုလေ့လာသင်ယူခဲ့တဲ့ကျွမ်းကျင်နှံ့စပ်မှုကိုအခြေပြုပြီးအခြားသောဘာသာရပ်နယ်ပယ်များနဲ့ဆက်စပ်ပေါင်းကူးဆောင်ရွက်တတ်ဖို့လည်းလိုအပ်လာမှာပါ။ ဒါကြောင့်အထူးပြုလေ့လာတတ်ကျွမ်းမှုထက်ပိုပြီးယေဘုယျကျတဲ့အထွေထွေနားလည်တတ်ကျွမ်းမှုဆိုင်ရာအခြေခံအရည်အသွေးအချို့ကို နိုင်ငံတကာတက္ကသိုလ်တွေရဲ့အဆင့်မြင့်ပညာရပ်ကဏ္ဍမှာ အထူးအလေးထားနေကြပါတယ်။

နှစ်ဆယ့်တစ်ရာစုအဆင့်မြင့်ပညာကဏ္ဍမှာ သင်ကြားသူများ (Teachers) နဲ့သင်ယူသူများ(Students)နှစ်ဦးနှစ်ဖက်လုံးမှာရှိရမယ့်အခြေခံနဲ့ အဓိကအကျဆုံးကျွမ်းကျင်မှုအရည်အသွေးများဖြစ်တဲ့ အဋ္ဌာရသရှစ်ရပ်လို့ခေါ်ဆိုရမယ့်ကျွမ်းကျင်မှုများကတော့ စိစစ်ဝေဖန်သုံးသပ်နိုင်စွမ်း(Critical Thinking Skill)၊ အကျယ်မှအကျဉ်းသို့(သို့တည်းမဟုတ်) တစ်ပေါင်းတစ်စည်းတည်းသဘောမှအစိတ်အပိုင်းများအဖြစ်သို့ အသေးစိတ်ခွဲခြမ်းစိတ်ဖြာတွေးခေါ်နိုင်စွမ်း(Analytical Thinking Skill)၊ အစိတ်အပိုင်းများကိုပေါင်းစည်းရှုမြင်တွေးခေါ် နိုင်စွမ်း(Skill of Synthesis)၊ အခြေအနေအချိန်အခါနဲ့အညီမြန်မှန်တိကျစွာဆုံးဖြတ်နိုင်စွမ်း (Decision-making Skill)၊ ပြဿနာရပ်များကိုလက်တွေ့ကျကျ အမှားနည်းနည်းဖြင့်ယုတ္တိနည်းကျ ဖြေရှင်းနိုင်စွမ်း(Problem-solving Skill)၊ မိမိအတွေးအမြင်ကို လူအများနားလည်လက်ခံနိုင်အောင်ပြောဆိုစည်းရုံးနိုင်စွမ်း(Communication Skill)၊ မိမိရဲ့ပင်ကိုစိတ်ကူးစိတ်သန်းများဖြင့် အတွေးသစ်အမြင်သစ်များကို တီထွင်ဖော်ထုတ်နိုင်စွမ်း (Creative Skill) နဲ့ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားတွေးခေါ်လေ့လာသင်ယူနိုင်စွမ်း (Self-study Skill)အစရှိတဲ့ ကျွမ်းကျင်မှုရှစ်ခုပဲဖြစ်ပါတယ်။ အဆိုပါကျွမ်းကျင်မှုများဟာ အစဉ်အလာ တရားသေအယူအဆများကိုဖောက်ထွက်ပြီး ကမ္ဘာလောကကိုကိုယ်ပိုင်အသိဉာဏ်ဖြင့်စူးစမ်းလေ့လာတွေးခေါ်ကြံဆမှုနဲ့ယုတ္တိနည်းကျတွေးခေါ်မြော်မြင်မှုတို့ကို အခြေခံနည်းဗေဒအဖြစ်ခံယူကျင့်သုံးပြီး ဖြစ်နေရှိနေသောသဘောများသာမကဖြစ်နိုင်ခြေများကိုပါ ကြိုတင်မှန်းဆတွေးတောဆင်ခြင်ကာ ထုတ်ဖော်ညွှန်ပြခြင်းကို တာဝန်တစ်ခုအဖြစ်ဆောင်ရွက်လေ့ရှိသော ဒဿနိကဗေဒဘာသာရပ်အတွက်တော့ ပင်ကိုသဘာဝအရအကျွမ်းတဝင်ရှိနေနှင့်ပြီးသားစွမ်းရည်များပဲ ဖြစ်ပါတယ်။

နှစ်ဆယ့်တစ်ရာစုပညာရေးမှာ အလွတ်သင်အလွတ်ကျက်မှတ်တဲ့သင်ကြားသင်ယူမှုစနစ်(Perceptual Teaching/Learning System)ကနေပညာရပ်ဆိုင်ရာအခြေခံသဘောတရားကိုနှိုက်နှိုက်ချွတ်ချွတ်နားလည်သိမြင်စေတဲ့သင်ကြားသင်ယူမှုနည်းစနစ် (Conceptual Teaching/Learning System)အဖြစ်နိုင်ငံတကာမှာပြောင်းလဲကျင့်သုံးနေကြပါပြီ။ ဒီလိုခေတ်နဲ့အညီပြောင်းလဲကျင့်သုံးရမယ့်နည်းစနစ်အတွက် ကျွန်မတို့နိုင်ငံမှာလည်းသင်ကြားရေးနည်းစနစ်ဆိုင်ရာ ဆွေးနွေးပွဲ(Workshop)များအကြိမ်ကြိမ်ကျင်းပခဲ့ကြပြီး အတိုင်းအတာတစ်ခုအထိ လက်တွေ့အကောင်အထည်ဖော်လျက်ရှိနေပါပြီ။ သာဓကတစ်ခုကတော့ ၂၀၁၃-၂၀၁၄ပညာသင်နှစ်ကစပြီးရန်ကုန်တက္ကသိုလ်မှာအသစ်ဖွင့်လှစ်နေပြီဖြစ်တဲ့ ထူးချွန်ကျောင်းသားကျောင်းသူများအစီအစဉ်(Outstanding Student Program)ဘဲဖြစ်ပါတယ်။ ယခုလက်ရှိပထမနှစ်သင်တန်းသားများသာ တက်ရောက်သင်ကြားနေကြသော်လည်းနှစ်စဉ်ထူးချွန်ကျောင်းသား ကျောင်းသူများကိုရွေးချယ်ကာသက်ဆိုင်ရာ အထူးပြုဘာသာရပ်အသီးသီးမှာ ကျွမ်းကျင်နှံ့စပ်ရုံတင်မကဘဲအဆင့်မြင့် ပညာကဏ္ဍရဲ့ဖော်ပြပါ အဋ္ဌာရသရှစ်ရပ်ကိုပါတပါတည်းလေ့ကျင့်ပျိုးထောင်ပေးသွားရန်ရည်ရွယ်ပါတယ်။

ဆက်လက်ပြီးနိုင်ငံတကာပညာရေးအခင်းအကျင်းမှာရှိတဲ့ဒဿနိကဗေဒဘာသာရပ်ရဲ့အနေအထားကိုအနည်းငယ်မျှမိတ်ဆက်တင်ပြပေး ချင်ပါတယ်။ 'အမေရိကန်ဒဿနပညာဆိုင်ရာအဖွဲ့အစည်း'(APA)က ဒီမိုကရေစီစနစ်ကို အခြေခံတဲ့ နှစ်ဆယ့်တစ်ရာစုလူမှုအဖွဲ့အစည်းရဲ့လိုအပ်ချက်တွေကိုဖြည့်ဆည်းပေးနိုင်မယ့်အဆင့်မြင့်ပညာရေးကဏ္ဍမှာဒဿနပညာလေ့လာသင်ယူတတ်မြောက်ခြင်းရဲ့အရေးပါမှုကို လေ့လာစောင့်ကြည့်ချက်အရအောက်ဖော်ပြပါအချက်များကိုသုံးသပ်တင်ပြထားပါတယ်။ အမေရိကန်တက္ကသိုလ်တွေရဲ့ဘွဲ့လွန်သင်တန်းများ (Graduate Courses) အတွက်တက္ကသိုလ်ဝင်ခွင့်ဖြေဆိုရာမှာ စံသတ်မှတ်ချက်တစ်ခုအနေနဲ့လူသိများတဲ့Graduate Record Examination (GRE) စာမေးပွဲများမှာ ဒဿနိကဗေဒ(Philosophy) ဘာသာရပ်ရဲ့ပျမ်းမျှဝင်ခွင့်ရမှတ်အဆင့်ဟာအခြားသောဝိဇ္ဇာ၊သိပ္ပံဘာသာရပ် ၅၀ ရဲ့ဝင်ခွင့်ရမှတ်နဲ့ယှဉ်ကြည့်ရင် အမြင့်ဆုံးအမှတ်(Highest Score)မှာရှိနေတယ်လို့ဆိုပါတယ်။ အမေရိကန်နိုင်ငံမှာရှိတဲ့Educational Testing Service (ETS) ကထုတ်ဝေခဲ့တဲ့ "2007-2008 Guide to the Use of Score"ရဲ့ဘာသာရပ် ၅၀ ရဲ့ဝင်ခွင့်အမှတ်အဆင့်နှိုင်းယှဉ်ဖော်ပြချက်ထဲမှာကြည့်မယ်ဆိုရင်Verbal၊ Quantitative နဲ့ Analytical Writing အမှတ်ပေးဇယားသုံးခုအနက် Verbal နဲ့ Analytical Writing မှာ ဒဿနိကဗေဒဘာသာရပ်ကအဆင့်(၁)နဲ့အမြင့်ဆုံးနေရာမှာ ရှိနေပြီး၊ Quantitative Reasoning မှာ အဆင့်(၁၄)နေရာ ဘချိတ်တာမို့ စုစုပေါင်းပျမ်းမျှအနေနဲ့ဘာသာရပ် ၅၀ အနက်အဆင့်(၁)နေရာမှာရှိနေတာ ဖြစ်ပါတယ်။

ဒီစောင့်ကြည့်လေ့လာမှုရဲ့တွေ့ရှိချက်တွေဟာဒီမိုကရေစီစနစ်ကိုအခြေခံတဲ့လူ့အဖွဲ့အစည်းတွေရဲ့အဆင့်မြင့်ပညာရေးကဏ္ဍမှာ နှစ်ဆယ့်တစ်ရာစုရဲ့တက္ကသိုလ်ဘွဲ့ရပညာတတ်လူငယ်များအတွက် အခြေခံအထွေထွေကျွမ်းကျင်မှုဆိုင်ရာအဋ္ဌာရသရှစ်ရပ်ကိုလေ့ကျင့်ပျိုးထောင်ပေးနိုင်တဲ့ ဒဿနိကဗေဒဘာသာရပ်ဟာ၊ ဗဟုသုတနည်းပါးတဲ့အများသူငါယူဆသလို အသုံးချတန်ဖိုးအားနည်းတဲ့၊ခေတ်မမီတော့တဲ့ Old-fashioned ဘာသာရပ်မဟုတ်ဘဲနှစ်ဆယ့်တစ်ရာစုဒီမိုကရေစီလူ့အဖွဲ့အစည်းများအတွက် လိုအပ်လျက်ရှိသော၊လူတစ်ဦးချင်းစီရဲ့အခြေခံကိုယ်ရည်ကိုယ်သွေးများကိုဖြည့်ဆည်းပေးနိုင်တဲ့လက်တွေ့အသုံးချဘာသာရပ်တစ်ခုအဖြစ် လူအများစိတ်ဝင်စားခြင်းခံနေရသောဘာသာရပ်ဖြစ်ကြောင်း မီးမောင်းထိုးပြနေပါတယ်။ ။

ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးတို့က ဂုဏ်ပြုညစာဖြင့် တည်ခင်း

နေပြည်တော်　ဩဂုတ်　၂၂

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် မြန်မာ-ထိုင်း တပ်မတော်တို့၏ 2nd High Level Committee Meeting သို့ တက်ရောက်ခဲ့သော ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့က ဩဂုတ် ၂၁ ရက် ညပိုင်းတွင် ဧရာဝတီမြစ်အတွင်း RV INDOCHINA PANDAW သင်္ဘောပေါ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ထိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn နှင့် ဇနီး Mrs. Penlaksana Patimapragorn တို့နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး၊ ထိုင်းဘုရင့်တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Pisanu Suvanajata၊ ထိုင်းဘုရင့်တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ စစ်သံမှူးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ညစာစားပွဲသို့တက်ရောက်လာကြသူများသည် ပုဂံမြို့ ဧရာသင်္ဘောဆိပ်မှသင်္ဘောဖြင့် စတင်ထွက်ခွာ၍ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်နေဝင်ဆည်းဆာ အလှကြည့်ရှုကြပြီး ညအချိန် မြစ်အတွင်းရောင်စုံအလှမီးမျှောပွဲအား ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn တို့သည် ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်လာကြသူများနှင့်အတူ သင်္ဘောပေါ်တွင်ညစာကိုအတူတကွသုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့်သုံးဆောင်နေစဉ်အတွင်း Tri Family Entertainment အဖွဲ့နှင့် မြဝတီတေးဂီတအဖွဲ့တို့က တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာ

နေပြည်တော်　ဩဂုတ်　၂၂

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပသော 2nd Myanmar-Thailand High Level Committee Meeting သို့ တက်ရောက်ခဲ့သည့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn နှင့်ဇနီး Mrs.Penlaksana Patimapragorn ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့်ပြန်လည်ထွက်ခွာသည်။

အဆိုပါ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Pisanu Suvanajata၊ ထိုင်းဘုရင့်တပ်မတော် (ကြည်း၊ရေ၊လေ) စစ်သံမှူးများက နေပြည်တော်လေဆိပ်တွင် လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ)　　　(မြဝတီ)

တရားမဝင်သစ်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော်　ဩဂုတ်　၂၂

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင် (၁၅၂/၄)နှင့် (၁၅၂/၅) ကြားနေရာမှ ဩဂုတ် ၁၈ ရက်တွင် တရားမဝင်သစ် ကဖော်ခွဲသား ၁ ဒသမ ၀၁၃၂ တန်၊ ယာဉ် တစ်စီးနှင့် တရားခံတစ်ဦး၊ ဩဂုတ် ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ပြကြီးကျေးရွာ အရှေ့တောင်ဘက်နေရာမှ တရားမဝင် ပိုင်ရှင်မဲ့ လက်ပံသစ် သုည ဒသမ ၅၅၆၄ တန်၊ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ပိန္နဲဆိပ်ကျေးရွာအနီး ဇမိမြစ်ကမ်းဘေးနေရာမှ တရားမဝင်ပိုင်ရှင်မဲ့ သစ်ဆိပ်သစ် သုည ဒသမ ၇၃၂ တန်၊ ဩဂုတ် ၂၀ ရက်တွင် ပေါက်ခေါင်းမြို့နယ် တောင်ပျောက်ကျေးရွာ အရှေ့မြောက်ဘက်နေရာ၌ တရားမဝင်ပိုင်ရှင်မဲ့ ကျွန်း/ရုံးသစ် သုည ဒသမ ၈၇၃၄ တန်၊ ပဲခူးမြို့နယ် ထန်းတောကြီး ဘိနယ် စောလှချောင်းအတွင်းမှ တရားမဝင်ပိုင်ရှင်မဲ့ ပျဉ်းကတိုးခွဲသား ၈ ဒသမ ၅၀၅၈ တန်၊ ဒိုက်ဦးမြို့နယ် လှည်းဝိုင်းကျေးရွာ အရှေ့တောင်ဘက်နေရာမှ ပိုင်ရှင်မဲ့ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၂၁၂၀ တန်နှင့် ဗျက်ကလေးကျေးရွာ အနောက်တောင်ဘက် တောစပ်အနီးနေရာမှ ပိုင်ရှင်မဲ့ တရားမဝင်ကျွန်းသစ်လုံး ၁ ဒသမ ၉၇၄၀ တန်၊ ပဲခူးမြို့နယ် မော်လမြိုင်တံတားအနီး ပဲခူးချောင်းစပ်နေရာမှ တရားမဝင်ပိုင်ရှင်မဲ့အခြားသစ် ၁ ဒသမ ၀၁၈၂ တန်အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သထုံမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၃၉၇ ပြား သိမ်းဆည်းရမိ

နေပြည်တော်　ဩဂုတ်　၂၂

သထုံခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၉ ရက်တွင် သထုံမြို့ သိမ်ကုန်းရပ်ကွက် ဝါးတောလမ်း ဘားအံ-သထုံကားလမ်းပေါ်၌ စောအောင်ကျော်မိုးဆိုသူ မောင်းနှင်ပြီး စောစိုးဝင်းလိုက်ပါလာသည့် ဆိုင်ကယ်အား ရှာဖွေရာ စောစိုးဝင်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၇ ပြား သိမ်းဆည်းရမိသဖြင့် စောအောင်ကျော်မိုး(ခ)ကော်လာ (၂၆)နှစ်နှင့် စောစိုးဝင်း(ခ) ရွှေကြာ(၃၂)နှစ်တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စောအောင်ကျော်မိုး(ခ)ကော်လာနှင့် စောစိုးဝင်း(ခ)ရွှေကြာတို့အား သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်သူများအား အမြန်ဆုံးအကျိုးပြုနိုင်မည့်(Quick Win)ရရှိနိုင်သည့်လုပ်ငန်းများကို ရွေးချယ်
Third Wave တွင် အရှိန်မြှင့်တင်ပြီး အောင်မြင်အောင်ဆောင်ရွက်

○ရှေ့ဖုံးမှ

သို့သော်လည်း ပြည်သူများအတွက် မိမိတို့ စွမ်းဆောင်ပေးနိုင်သည်များကို အစွမ်းကုန် ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း၊ ခေတ်ပြောင်း၊ စနစ်ပြောင်းတွင် မိမိတို့လုပ်ရမည့် လုပ်ငန်းများနှင့်လုပ်သင့်သည့် လုပ်ငန်းများကို(၃)နှစ်ကျော် ကာလအတွင်း အတော်များများ လုပ်နိုင်ခဲ့ပါကြောင်း၊ မမျှော်လင့်သည့် အခက်အခဲမျိုးစုံကိုလည်း ကြုံတွေ့ခဲ့ရပါကြောင်း၊ ပြည်တွင်း/ပြည်ပက ချီးမွမ်းမှုများရှိသကဲ့သို့ ပြစ်တင်မှု၊ ကဲ့ရဲ့ပြောဆိုမှုများလည်းရှိနေသည်မှာ အမှန်ပင်ဖြစ်ပါကြောင်း။

မိမိတို့တွင် ဒီမိုကရေစီအတွေ့အကြုံနှင့် ဒီမိုကရေစီအလေ့အကျင့်များ အလွန်နည်းပါးပါကြောင်း၊ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းကို သတိထားပြီး လှမ်းနေရသည့်အတွက် တချို့လုပ်ငန်းများအနေဖြင့် နှေးလွန်းသည်၊ အတွေ့အကြုံရှိသည့် ပြည်ပနိုင်ငံအချို့က အပြောင်းအလဲများသည် မြန်လွန်းသည်စသည်ဖြင့် စိုးရိမ်မှုများရှိနေသည်ကိုလည်း မိမိတို့ သိရပါကြောင်း၊ ခြေလှမ်းမှားပြီး နောက်ကြောင်း ပြန်လှည့်မည်ကို တချို့ကလည်း စိုးရိမ်နေကြပါကြောင်း။

မိမိတို့ သန္နိဋ္ဌာန်ချထားသည်မှာ နောက်ကြောင်းပြန်မလှည့်ဘဲ ရှေ့သို့သာ သွားမည်ဆိုသည့် Move Forward အချက်ပင်ဖြစ်ပါကြောင်း၊ နောက်ကြောင်း ပြန်မလှည့်ရအောင်လည်း ဥပဒေနှင့်အညီ လုပ်သင့်လုပ်ထိုက်သည်မှန်သမျှ အကုန်လုပ်ကြရမည်ဖြစ်ပါကြောင်း၊ ယုံယုံကြည်ကြည်၊ ရဲရဲဝံ့ဝံ့လုပ်ကိုင်ကြရန် ဖြစ်ပါကြောင်း။

တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးသည် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဆိုသကဲ့သို့ တစ်ခုနှင့်တစ်ခု ခွဲခြား၍မရအောင် အမှီသဟဲပြုနေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းရေးအတွက် အဓိကလိုအပ်ချက်သည် တရားဥပဒေစိုးမိုးရေးနှင့် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေး ဖြစ်ပါကြောင်း၊ နှစ်ပေါင်း (၆၀)ကျော် ကြာညောင်းခဲ့သည့် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးအတွက် ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင်(၃)နှစ်အတွင်း တိုးတက်မှုများစွာရရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲသလောက်ဖြစ်နေပြီး မကြာမီ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်တော့မည် ဖြစ်ပါကြောင်း၊ လက်မှတ်ရေးထိုးပြီးပါက နိုင်ငံရေးဆွေးနွေးပွဲ ဆက်လုပ်ရန်ရှိပါကြောင်း။

တရားဥပဒေစိုးမိုးရေးသည် စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်ကိစ္စ ဖြစ်ပါကြောင်း၊တရားဥပဒေစိုးမိုးရန် ဥပဒေအရအရေးယူရုံနှင့် မလုံလောက်ဘဲ ဥပဒေကို သိရှိနားလည်အောင်၊ လေးစားလိုက်နာအောင် ကျောင်းသားဘဝကပင် စာသင်ကျောင်းများ၌ အသိပညာပေးသည့် လေ့ကျင့်သင်ကြားမှုများကို အခြေခံမှစ၍ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မှုခင်းများ လျော့နည်းကျဆင်းအောင်ဥပဒေအရ အရေးယူရုံနှင့်မပြီးဘဲ နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

မူးယစ်ဆေးဝါးအန္တရာယ်သည် မိဘပြည်သူများအတွက် စိုးရိမ်ဖွယ်ရာဖြစ်နေပါကြောင်း၊ အထူးသဖြင့် ဆေးပြားများသည် လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်၊ စာသင်ကျောင်းများအနီးအထိ လွယ်လွယ်ကူကူ ဝယ်ယူရရှိနေသည့်အတွက် ကျောင်းသားလူငယ်များအထိ ကူးစက်လာပြီး မိဘများအနေဖြင့် အထူးစိုးရိမ်နေပါကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကို ပြည်သူပါဝင်သည့်အဖွဲ့အစည်းများဖွဲ့စည်းပြီး ထိထိရောက်ရောက်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်သည် စားဝတ်နေရေး၊ သားသမီးများ ပညာသင်ကြားနိုင်ရေးနှင့် ဆေးဝါးကုသနိုင်ရေးတို့ ဖြစ်ပါကြောင်း၊ အလုပ်အကိုင်ရရှိရေးအတွက် မြေနှင့်ရေကို အရင်းအနှီးတစ်ခုအဖြစ် စိုက်နိုင်မွေးနိုင်အောင် ဖန်တီးပေးရန်လိုအပ်ပါကြောင်း၊ လူဦးရေ နှစ်စဉ်တိုးပွားနေသဖြင့် စားရေးအတွက် ဖူလုံအောင် လယ်မြေကို တခြားနည်းလမ်းဖြင့် အသုံးမပြုရန်ဥပဒေဖြင့် ထိန်းကျောင်းပေးကြရမည် ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ နိုင်ငံတော်ရှိ မြေအားလုံးကို နိုင်ငံတော်က ပိုင်ဆိုင်ပါကြောင်း၊ အဆိုပါမြေကို စီမံခန့်ခွဲရန်အတွက် နိုင်ငံတော်အစိုးရက လုပ်ပိုင်ခွင့်အာဏာအပ်နှင်းထားသည့် အဖွဲ့အစည်းများကသာ ဥပဒေနှင့်အညီ စီမံခန့်ခွဲခွင့်ရှိပါကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိကများအနေဖြင့် ၎င်းတို့ဝယ်ယူထားသည့် မြေပေါ်တွင် ၎င်းတို့သဘောဆန္ဒအရ ဟိုတယ်၊ စက်ရုံ၊ ဓာတ်ဆီဆိုင် စသည်ဖြင့် တည်ဆောက်လိုတိုင်း တည်ဆောက်၍ မရပါကြောင်း၊ Town Plan, Village Plan နှင့်အညီ ဥပဒေအရအပ်နှင်းထားသည့် အဖွဲ့အစည်းကသာ စီမံဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အထူးသဖြင့် လယ်မြေကို အခြားနည်းနှင့် အလွယ်တကူအသုံးမပြုနိုင်အောင် ဥပဒေအရ ကန့်သတ်ထားပါကြောင်း။

အစိုးရအဖွဲ့အစည်းပိုင်မြေများ လက်လွတ်ဆုံးရှုံးမှု မရှိစေရန်အတွက် စက်ရုံ၊ အလုပ်ရုံ၊ လူနေ အဆောက်အအုံများဆောက်လုပ်ရာတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်အရသာ ဆောက်ရွက်ရန်ဖြစ်ပါကြောင်း။

မြို့ကြီးများ၌ လူဦးရေထူထပ်များပြားလာသည့်အတွက် လူနေအဆောက်အအုံများ ဆောက်လုပ်ရာတွင် အထပ်မြင့်အဆောက်အအုံများ၊ ဝင်ငွေနည်းသည့် အခြေခံလူတန်းစားများ နေထိုင်နိုင်မည့် တန်ဖိုးနည်းအိမ်ရာ စနစ်များကို ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် အရစ်ကျနှစ်ရှည်ငွေချေစနစ်ဖြင့် ဆင်းရဲနွမ်းပါးသူများ၊ ဝန်ထမ်းများ၊ အငြိမ်းစားများ၊ စစ်မှုထမ်းဟောင်းများ၊ မသန်စွမ်းသူများ၊ ကျဆုံးစစ်သည် မိသားစုများကို ဦးစားပေးဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်း။

အလုပ်အကိုင်အခွင့်အလမ်းများ အလွယ်တကူရရှိနိုင်ရန်အတွက် အထည်ချုပ်စက်ရုံများ၊ လယ်ယာကဏ္ဍကို အခြေခံသည့် Agro-base စက်မှုလုပ်ငန်းများ၊ အသေးစား၊ အလတ်စား SME စက်မှုလုပ်ငန်းများ ဦးစားပေးထူထောင်သွားရန် ဖြစ်ပါကြောင်း။

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ငွေကြေး၊ အရင်းအနှီး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်တို့ အဓိကလိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မိမိတို့ တိုင်းပြည်နှင့် တိုင်းရင်းသားများ အကျိုးကို မထိခိုက်နိုင်သည့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ရှာဖွေဖိတ်ခေါ်ရန် လိုအပ်ပါကြောင်း၊ ပြည်ပနှင့် ဖက်စပ်အကျိုးတူလုပ်ငန်းများ၊ အများပိုင်(PPP) လုပ်ငန်းများကို အားပေးဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့၏ ပိုင်ဆိုင်မှုကို ဖက်စပ်လုပ်ငန်းများတွင် ရှယ်ယာထည့်ဝင်သည့် လုပ်ငန်းများအတွက် စဉ်းစားသွားသင့်ပါကြောင်း။

ကျန်းမာသန်စွမ်းပြီး ပညာရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိရေးအတွက် ကျန်းမာရေးကဏ္ဍနှင့် ပညာရေးကဏ္ဍတို့ကို ခေတ်နှင့်အညီ မြှင့်တင်ရမည် ဖြစ်ပါကြောင်း။

အဆင့်ဆင့်သော မိမိတို့အစိုးရအဖွဲ့၏ လုပ်ဆောင်နေမှုများကို ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် သတင်းဖြန့်ချိရေးလုပ်ငန်းများ၊ ပြည်သူလူထုနှင့် တွေ့ဆုံပွဲများ၊ သတင်းစာ၊ ရေဒီယို၊ တီဗွီစသည့် မီဒီယာလုပ်ငန်းများကို တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် မိမိတို့လုပ်နိုင်သည်များကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကြရန်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မိမိတို့တွင် တစ်နှစ်ခွဲခန့်ဆိုသည့် အချိန်ကန့်သတ်ချက်ရှိပါကြောင်း၊ လုပ်စရာလုပ်ငန်းများ များစွာရှိနေသော်လည်း အဆိုပါလုပ်ငန်းများထဲတွင် ပြည်သူများအား အမြန်ဆုံး အကျိုးပြုနိုင်မည့်(Quick Win) ရရှိနိုင်သည့် လုပ်ငန်းများကို ရွေးချယ်ပြီး Third Wave တွင် အရှိန်မြှင့်တင်ပြီး အောင်မြင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**

[illegible]

စဉ်	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	-
၅	[illegible]	[illegible]	[illegible]	-
	စုစုပေါင်း	[illegible]	[illegible]	[illegible]

[illegible]

စဉ်	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]			
	[illegible]	[illegible]	[illegible]	-
	[illegible]	[illegible]	[illegible]	[illegible]
	[illegible]	[illegible]	[illegible]	[illegible]
	[illegible]	[illegible]	[illegible]	[illegible]
	စုစုပေါင်း	[illegible]	[illegible]	[illegible]

[illegible]

စဉ်	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]

ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၈-၂၀၁၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၉)တွင် ဖော်ပြခဲ့သည့် ကာကွယ်ရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ပြန်လည်စွန့်လွှတ်မြေများ လွှဲပြောင်းပြီး/လွှဲပြောင်းရန် ကျန်စာရင်း၏ အမှတ်စဉ် (၄)၊ ကရင်ပြည်နယ်၊ စွန့်လွှတ်မြေ (၂၃၅၀၆၅၀) အစား (၂၃၅၀ ဒသမ ၆၅၀) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(သတင်းစဉ်)

လက်ပံတောင်းတောင်ကြားစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၂၂

လက်ပံတောင်းတောင်ကြားစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ကျော်ရွာအနီး၌ ယနေ့နံနက် ၈ နာရီတွင်ကျင်းပရာ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်ကြည်ညိုသည်။

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သာသနာ့ဗိမာန်တော်၌ နိုင်ငံတော်ဩဝါဒါစရိယ မုံရွာမြို့ မဟာဇောတိကာရာမကျောင်းတိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂါရဝထံမှ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌ အမှူးပြုသည့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များရွတ်ပွားချီးမြှင့်တော်မူသည့် သမန္တာအစချီ မေတ္တသုတ်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ်ပရိတ်တော်များကို နာယူကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဌာပနာတော်၊ ရွှေထီးတော်ဘုံဆင့်များ၊ စေတိယ၊ စေတိယသမ္ဘာရ၊ စေတိယပရိဝါရ၊ စေတိယင်္ဂဏ၊ စေတိယပါကာရ၊ စေတိယသမ္ဗုဒ္ဓ၊ စေတိယဝတ္ထုကံမြေများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းပြီး တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင် မုံရွာမြို့ ဥက္ကံတောရစာသင်တိုက် တိုက်အုပ်ဆရာတော် ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တမာနိတထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဗိသုကာပညာရှင်များကို လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြပြီး ခရိုင်အင်ဂျင်နီယာမှူး ဦးကျော်လင်းက လက်ပံတောင်းတောင်ကြားစေတီတော်မြတ်ကို မူလအရင်းအမြစ်ဖြစ်သည့် ဘုရားဒါယကာ၊ ဒါယိကာမများထံ ပြန်လည်အပ်နှံသည်။

ယင်းနောက် လက်ပံတောင်းတောင်ကြားစေတီတော် ပြောင်းရွှေ့တည်ဆောက်ပူဇော်ရာတွင် မပြည့်စုံမှုများယွင်းမှုများရှိပါက ခွင့်လွှတ်ပါမည့်အကြောင်း သမ္မာဒေဝနတ်ကောင်းနတ်မြတ်များထံ တောင်းပန်လွှာစာတမ်းကို ဖတ်ကြားသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် တာဝန်ရှိသူများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဌာပနာတော်၊ ရွှေထီးတော်ဘုံဆင့်များကို ပင့်ဆောင်၍ စေတီတော်မြတ်အား လက်ယာရစ်လှည့်လည်ပူဇော်ပြီး အထက်ဌာပနာတော်သွင်းလှူပူဇော်ကြသည်။

ယင်းနောက် ရွှေထီးတော်ဘုံအဆင့်များ၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်များကို မင်္ဂလာရထားပျံဖြင့် စေတီအထွတ်သို့ပင့်ဆောင်ပူဇော် တင်လှူကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် သာသနာ့အောင်လံတော်ကို လွှင့်ထူပူဇော်ကာ ရတနာရွှေမိုးငွေမိုးရွာသွန်းဖြိုးသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရွှေကြာသင်္ကန်းတော်၊ မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်နှင့် သောက်တော်ရေချမ်းများကပ်လှူပူဇော်ကြပြီး**(အပေါ်ပုံ)** ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘုရားဒါယကာ၊ ဒါယိကာမများက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ဩဂုတ် ၈ ရက်က သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဘုရားဒါယကာ၊ ဒါယိကာမများက လက်ပံတောင်းတောင်ကြားစေတီ သတ္တဌာန မူလဌာပနာတော်သွင်း၊ အလယ်ဌာပနာတော်သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာနှင့် စေတီတော်အရှေ့တောင်ဘက်အရပ်၌ မဟာဗောဓိပင်စိုက်ပျိုးပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို သာသနာတော်ထုံးတမ်းအစဉ်အလာများနှင့်အညီ ကျင်းပခဲ့သည်။

ဩဂုတ် ၂၂ ရက် ညပိုင်းတွင် လက်ပံတောင်းတောင်ကြား စေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအထိမ်းအမှတ်အဖြစ် သာသနာ့ဗိမာန်တော်၌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ ဌာနမှူးဆရာတော် ပါမောက္ခ ဒေါက်တာ အရှင်စန္ဒာဝရက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ပြီး ဩဂုတ် ၂၃ နှင့် ၂၄ ရက်များတွင် မုံရွာမြို့ သဒ္ဓမ္မဇောတိက သုဗောဓာရုံကျောင်းတိုက် နာယကဆရာတော် ဒွါဒသမတိပိဋကဓရ တိပိဋကကောဝိဒ အရှင်အဘိဇာတာ ဘိဝံသနှင့် ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက မြင်းမူဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရ တို့က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဆက်လက်ဟောကြားချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် နဝမအကြိမ်ပုံမှန်အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် နဝမအကြိမ်ပုံမှန်အစည်းအဝေး(ပထမနေ့)ကို တိုင်းဒေသကြီး လွှတ်တော်ရုံးခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ ရှေးဦးစွာ ကတိသစ္စာမပြုရသေးသော တပ်မတော်သား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်သို့ နိုင်ငံတော်သမ္မတက တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများထံသို့ပေးပို့သော သဝဏ်လွှာနှစ်စောင်အား လွှတ်တော်ဥက္ကဋ္ဌက ဖတ်ကြားတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လွှတ်တော်သို့ပေးပို့သော သဝဏ်လွှာကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးလှမြင့်က ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်း(၆)ခုကို မေးမြန်းကြရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားကြသည်။

ယင်းနောက် **တိုင်းဒေသကြီးလွှတ်တော်သို့ ပုဂ္ဂလိကပိုင် မော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲရေး ဥပဒေကြမ်း၊ ပုဂ္ဂလိကပိုင် ရေယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေကြမ်း၊ ယစ်မျိုးခွန်ဥပဒေကြမ်းနှင့် ၂၀၁၃ ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**များကို လွှတ်တော်၌ ဆွေးနွေးရန် သင့်/မသင့်ကို အတည်ပြုချက်ရယူသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ အဆို(၄)ရပ်အား တင်သွင်းခြင်း၊ အဆို(၁)ရပ်အား မှတ်တမ်းတင်ခြင်း၊ အဆို(၃)ရပ်အား လွှတ်တော်တွင် ဆွေးနွေးရန် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်သည်။

အဆိုပါ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပထမနေ့ အစည်းအဝေး ကျင်းပမှုအား ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၂) ဦးတို့ တက်ရောက်လေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖြည့်စွက်စာကျွေးမွေးခြင်းနှင့် နို့ထည့်သွင်းတိုက်ကျွေး

နေပြည်တော် ဩဂုတ် ၂၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနရှိမူလတန်းကြို ကျောင်းများတွင် ရှေးဦးအရွယ်ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန်ရည်ရွယ်၍ ကလေးငယ်များအား ဖြည့်စွက်စာကျွေးမွေးခြင်းနှင့် နို့ထည့်သွင်းတိုက်ကျွေးခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရင်သွေးရတနာ၊ တော်ဝင်ရတနာနှင့် နန်းထိုက်ရတနာ မူလတန်းကြိုကျောင်းများ၌ ပြုလုပ်သည်။

အဆိုပါ တိုက်ကျွေးခြင်းကို သက်ဆိုင်ရာကျောင်းအသီးသီးမှ ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာမများက ကလေးများစနစ်တကျ စားသုံးနိုင်ရန် လိုက်လံကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ကလေးများအား ဖြည့်စွက်စာကျွေးမွေးခြင်းနှင့်နို့ထည့်သွင်းတိုက်ကျွေးခြင်းကို လူမှုဝန်ထမ်းဦးစီးဌာနမှ အပတ်စဉ် တစ်ပတ်လျှင် နှစ်ကြိမ်၊ အပတ်စဉ်တိုင်း တိုက်ကျွေးသွားမည်ဖြစ်ကြောင်းသိရသည်။

(တင်ထွန်းအောင်)

သတင်းထောက်များအရည်အသွေးမြှင့် မွမ်းမံသင်တန်းဆင်း

တောင်ကြီး ဩဂုတ် ၂၂

မြို့နယ်သတင်းထောက်များ သတင်းစာကျင့်ဝတ်နှင့် တည်ဆဲဥပဒေများကို ပိုမိုသိရှိနားလည်စေရန်၊ ပြည်သူဗဟိုပြုသတင်းရေးသားတင်ဆက်မှုများ ပိုမိုပီပြင်တိုးတက်လာစေရန်၊ သတင်းရယူရာတွင် ရင်ဆိုင်ကြုံတွေ့တတ်သော ပဋိပက္ခများမှ ရှောင်ရှားနိုင်စေရန် ရည်ရွယ်လျက် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ရှမ်းပြည်နယ် တောင်ကြီးမြို့တွင်ဖွင့်လှစ်သော သတင်းထောက်များအရည်အသွေးမြှင့် မွမ်းမံသင်တန်း(၄/၂၀၁၄) သင်တန်းဆင်းပွဲအခမ်းအနားကို ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးခန်းမ၌ ယနေ့ကျင်းပသည်။**(အပေါ်ပုံ)**

သင်တန်းတွင် သတင်းလုပ်ငန်းဆိုင်ရာများ၊ သတင်းရေးသားနည်းဆိုင်ရာများ၊ သတင်းစာကျင့်ဝတ်ဆိုင်ရာ ဘာသာရပ်များကို ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ် ဦးခင်မောင်ကျော်ဒင်က ပို့ချဆွေးနွေးခဲ့ပြီး သတင်းထောက်များ သိရှိလိုက်နာကျင့်သုံးအပ်သော သတင်းမီဒီယာဥပဒေဆိုင်ရာများကို ဦးဟန်ညွန့်(ဥပဒေ)က ပို့ချခဲ့သည်။ ပဋိပက္ခကို ဂရုစိုက်နားလည်စွာ သတင်းတင်ပြခြင်း (Conflict Sensitive Reporting) ဘာသာရပ်ကို Inter News Europe မှ Assistant Trainer ဒေါ်တင်ဇာဇော်က အလုပ်ရုံဆွေးနွေးပွဲပုံစံမျိုးဖြင့် ဆွေးနွေးပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ ရှမ်းပြည်နယ်တောင်ပိုင်းနှင့်(အရှေ့ပိုင်း)အစရှိသော ဒေသအသီးသီးမှ မြို့နယ်သတင်းထောက်များနှင့် ပြန်/ဆက်ဦးစီးဌာနများမှ ဝန်ထမ်းများ စုစုပေါင်း ၅၅ ဦး တက်ရောက်ခဲ့သည်။ သင်တန်းဆင်းလက်မှတ်များကို ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ်နှင့် ဦးဟန်ညွန့်(ဥပဒေ)တို့က ပေးအပ်ခဲ့ကြသည်။ မြို့နယ်သတင်းထောက်များ အရည်အသွေးမြှင့်သင်တန်းများကို အခြား တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း ဆက်လက်ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်း-ကိုကိုနေ၊ ဓာတ်ပုံ-ရာမည)

သတိပြုဖွယ် လျှပ်စစ်အန္တရာယ်

ဝေယံ

လူသားတစ်ယောက်၏ ဘဝတာကာလတွင် ရေဘေး၊ မီးဘေး၊ ရောဂါဘေး၊ စစ်ဘေး၊ မြေလျှင်ဘေးစသည့် ဘေးအန္တရာယ်များနှင့်ကြုံတွေ့ရမှုများ ရှိနိုင်သည်။ အဆိုပါ ဘေးအန္တရာယ်များကြုံတွေ့ခံစားရသူများ ထိခိုက်ဒဏ်ရာရရှိမှု၊ ကိုယ်လက်အင်္ဂါချို့ယွင်းမှု၊ အသက်ဆုံးရှုံးမှုများရှိကြမည်ဖြစ်ပေသည်။ အဆိုပါ ဘေးအန္တရာယ်များကြုံတွေ့ရသူတိုင်းသည် အသက်ဆုံးရှုံးမှုမဖြစ်နိုင်ပေ။ သို့ရာတွင် လျှပ်စစ်အန္တရာယ်နှင့် ကြုံတွေ့ရသူတိုင်းအတွက်မူ အသက်ဆုံးရှုံးမှုနှင့်ကြုံတွေ့ရပေမည်။ **“မြွေကိုက်လျှင် ဆေးရှိသည်၊ ဓာတ်လိုက်လျှင် ဆေးမရှိ”**တဲ့။

လျှပ်စစ်သည် လူနေမှုစနစ်ဖွံ့ဖြိုးတိုးတက်မှုအတွက်နှင့် တစ်ဦးချင်းလူနေမှုဘဝတိုးတက်မှုအတွက် အရေးပါမှုရှိသည်ကို လူတိုင်းသိကြသည်။ လူတိုင်းမသိကြသေးသည်မှာ **“လျှပ်စစ်အသိ”** မရှိကြခြင်းပင် လျှပ်စစ်အသိမရှိ၍ လျှပ်စစ်သတိကင်းလွတ်ကာ လျှပ်စစ်အန္တရာယ်နှင့်ကြုံတွေ့ကြရသူများအတွက် **“ဘွာတေးမရှိ နောင်တမရှိ”** အဖြစ်မျိုးနှင့်သာဆုံတွေ့သွားကြရပေသည်။

ကဲ. . . အဲဒီတော့ လူတိုင်းလျှပ်စစ်အသိ၊ လျှပ်စစ်သတိရှိဖို့ လိုအပ်လှပေသည်။



လျှပ်စစ်အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သတိပြုရန်အချက်များကို လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ လူစည်ကားသောနေရာများတွင် နံရံကပ်ပိုစတာများ ကပ်ခြင်း၊ မြေစိုက်ပိုစတာများ စိုက်ထူခြင်း၊ ဟောပြောပွဲများပြုလုပ်ခြင်း၊ သတင်းစာ၊ ဂျာနယ်၊ တီဗွီများတွင် ထည့်သွင်းဖော်ပြခြင်း၊ ပညာပေးဇာတ်လမ်းပြသခြင်းများကို ဆောင်ရွက်လျက်ရှိပေသည်။ သို့ရာတွင် လူတိုင်းသိရှိလိုက်နာရေး ဆောင်ရွက်နိုင်ရေးအတွက် **“ပြည်သူပါဝင်သော လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး”** ဖြင့်သာအမြန်ဆုံးဆောင်ရွက်နိုင်ပေမည်။

တစ်ယောက်သိက တစ်အိမ်သိ၊ တစ်အိမ်ကနေ တစ်လမ်း၊ တစ်လမ်းကနေ တစ်ရပ်ကွက်၊ တစ်ရွာ၊ တစ်မြို့ စသည်ဖြင့် သိရှိအောင် ဆောင်ရွက်နိုင်ပါက **“ကျွန်တော် ကျွန်မ မသိလို့ပါ---- နောက်ဆိုရင် သတိထားပါ့မယ်လို့တောင် ပြန်ပြောလို့မရတဲ့”** လျှပ်စစ်အန္တရာယ်အဖြစ်ဆိုးတွေနဲ့ ကြုံတွေ့နိုင်မှုများ လျော့နည်းသွားမည်ဖြစ်ပါကြောင်း စေတနာဖြင့် အသိပေးပန်ကြားအပ်ပါသည်။

မြို့တော် ကာရာကတ်စ်ရှိ ကုန်တိုက်ကြီးတစ်ခုတွင် သတ်မှတ်စျေးနှုန်းထက် ကျော်လွန်ရောင်းချခြင်း ရှိမရှိ စစ်သည်များက စစ်ဆေးစဉ်။

ဗင်နီဇွဲလားရှိ ကုန်တိုက်ကြီးများ၌ လက်ဗွေနှိပ်သည့်စနစ် ကျင့်သုံးရမည်

ကာရာကတ်စ် ဩဂုတ် ၂၂

ဗင်နီဇွဲလားနိုင်ငံတွင် စားသောက်ကုန်များ ရှားပါးမှုနှင့် မှောင်ခိုရောင်းဝယ်မှုတို့ကို တိုက်ဖျက်ရန်အတွက် ကုန်တိုက်ကြီးများ၌ ပစ္စည်းဝယ်လျှင် လက်ဗွေနှိပ်ရသည့်စနစ်အား မဖြစ်မနေလိုက်နာကျင့်သုံးရမည်ဟု သမ္မတ နီကိုလမ်မာဒူရိုက ကြေညာကြောင်း ယနေ့ ဘီဘီစီက ဖော်ပြသည်။

၎င်းစနစ်သည် ကုန်ပစ္စည်းတစ်မျိုးတည်းကို အမြောက်အမြားဝယ်ယူကြခြင်းအား ရပ်တန့်သွားစေမည်ဖြစ်ကြောင်း သမ္မတကပြောသည်။

ဗင်နီဇွဲလားအတိုက်အခံတို့က ယင်းအစီအစဉ်ကို ငြင်းပယ်ခဲ့ကြပြီး ပြည်သူများအားလုံးကို သူခိုးဖြစ်စေမည့်မူဝါဒဖြစ်သည်ဟု ပြောကြားသည်။

အဓိကကုန်ပစ္စည်းများကို ဝယ်ယူသည့် စားသုံးသူများအား လက်ဗွေနှိပ်စေသောစနစ်သည် ခွဲတမ်းဖြင့် ရောင်းချသော သဘောသက်ရောက်သည့်အပြင် ပုဂ္ဂလိက လွတ်လပ်ခွင့်ကိုလည်း ချိုးဖောက်ရာရောက်သည်ဟု ဝေဖန်သူများက ပြောသည်။

ပြည်တွင်းစျေးကွက်အတွက် အစိုးရက အထောက်အပံ့ပေးသော ကုန်ပစ္စည်းများ၏ ၄၀ ရာခိုင်နှုန်းသည် ကိုလံဘီယာနိုင်ငံသို့ မှောင်ခိုလမ်းကြောင်းမှတစ်ဆင့် ရောက်ရှိသွားကြောင်း၊ အမြတ်များများရယူ၍ ပြန်လည်ရောင်းချကြခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။

ကိုလံဘီယာနိုင်ငံသို့ မှောင်ခိုရောင်းချလိုက်သော အဓိက ကုန်ပစ္စည်းများ၏ ပမာဏသည် နိုင်ငံအတွင်းရှိ ကုန်တိုက်ကြီးများ၌ ရောင်းချနိုင်သည်အထိ များပြားကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ကြီး အက်ဖ်ရိမ်ဗီဂပ်(စ်)ကိုလူဂိုက အဲလ်ယူနီဗာဆယ် သတင်းစာသို့ ယခုသီတင်းပတ်စောစောပိုင်းတွင်ပြောကြားခဲ့သည်။ **ဘီဘီစီ။**

ဂျပန် ဝေလငါးဖမ်းသင်္ဘောကို ရုရှားရေပိုင်နက်အတွင်း ထိန်းသိမ်း

တိုကျို ဩဂုတ် ၂၂

ဂျပန်နိုင်ငံမှ ဝေလငါးသုတေသနသင်္ဘောတစ်စင်းသည် ရုရှားရေပိုင်နက်အတွင်းသို့ ခွင့်ပြုချက်မရဘဲ ဝင်ရောက်ခဲ့ပြီးနောက် ယင်းသင်္ဘောထိန်းသိမ်းခံထားရကြောင်း ဂျပန်ရေလုပ်ငန်းအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၂၂ရက်တွင် ပြောကြားသည်။

တန်ချိန် ၇၁၂တန်ရှိ ရှိုနန်မာရူးအမှတ်-၂ အမည်ရှိ သင်္ဘောသည် ဆာခါလင်ကျွန်းကမ်းလွန်အိုခိုစက်ပင်လယ်ကို ဖြတ်သန်းကာ ခုတ်မောင်းခဲ့ပြီးနောက် ရုရှားအာဏာပိုင်များက ထိန်းသိမ်းခဲ့ကြောင်း ယင်းသင်္ဘောပေါ်တွင် ဂျပန်လူမျိုးရေယာဉ်ဝန်ထမ်း ၁၉ဦးပါရှိကြောင်း ဂျပန်ရေလုပ်ငန်း အေဂျင်စီက ပြောကြားသည်။

ယင်းသင်္ဘောသည် မူလဦးတည်ရာ လမ်းကြောင်းကိုပြောင်းလဲခဲ့ပြီး ရုရှားရေပိုင်နက်အတွင်းသို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခဲ့သည်ဟု ဂျပန်ရေလုပ်ငန်းအေဂျင်စီက ဝန်ခံပြောကြားသည်။ ရေယာဉ်ဝန်ထမ်းများ ပြန်လည်လွတ်မြောက်ရေးအတွက် သံတမန်ရေးနည်းလမ်းအရ ကြိုးပမ်းလျက်ရှိသည်။

အဆိုပါရေယာဉ်သည် ဝေလငါးဖမ်းဆီးခြင်း မပြုကြောင်း၊ သို့ရာတွင် ပင်လယ်သမုဒ္ဒရာများအတွင်း ဝေလငါးများ နေထိုင်ကျက်စားပုံကို သုတေသနပြုလုပ်ရန် ယင်းရေယာဉ်နှင့်အတူ ရုရှားသိပ္ပံပညာရှင်တစ်ဦး လိုက်ပါလာခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ **ပီတီအိုင်။**

စင်ကာပူ၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စစ်ဆင်ရေး ဆောင်ရွက်

စင်ကာပူ ဩဂုတ် ၂၂

စင်ကာပူနိုင်ငံ၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ စစ်ဆင်ရေးလုပ်ငန်းတစ်ရပ်ကို လေးရက်ကြာဆောင်ရွက်ခဲ့ရသည်။ မူးယစ်ဆေးဝါးသယ်ဆောင်သူများအနက် မူးယစ်ဆေးဝါးသုံးစွဲသူများအဖြစ် မသင်္ကာရသူ ၉၈ ဦးကို ဖမ်းဆီးခဲ့ကြောင်း၊ ဗဟိုမူးယစ်ဆေးဝါးတိုက်ဖျက်ရေးဗျူရိုက ဩဂုတ် ၂၂ ရက်တွင် ထုတ်ပြန်သော သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အဖမ်းခံရသူများအနက် ကိုးဦးမှာ မူးယစ်ဆေးဝါးသယ်ဆောင်သူများဖြစ်သည်ဟု မသင်္ကာဖြစ်ရကြောင်း၊ ၈၉ ဦးမှာမူ မူးယစ်ဆေးဝါးသုံးစွဲသူများ ဖြစ်ဖွယ်ရှိကြောင်း၊ စစ်ဆင်ရေးလုပ်ငန်းအတွင်း ဘိန်းဖြူ ၇၂ ဂရမ်၊ အိုက်စ်မူးယစ်ဆေးဝါး ၁၉ ဂရမ်၊ ဆေးခြောက် ၅၆ ဂရမ်နှင့် အက်စ်တာစီဆေးပြားငါးပြားတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းကြေညာချက်တွင် ဖော်ပြသည်။ **ပီတီအိုင်။**

တောင်အာဖရိကရှိ အင်တာပိုလ်ရုံးမှ သတင်းအချက်အလက်များ ပါရှိသော ကွန်ပျူတာများကို ခိုးယူရန် မသမာသူများက ကြိုးပမ်းခဲ့ကြသည်။

တောင်အာဖရိက အင်တာပိုလ် အဆောက်အအုံ သူခိုးသောင်းကျန်းဟုဆို

ပရီတိုးရီးယား ဩဂုတ် ၂၂

တောင်အာဖရိကနိုင်ငံ မြို့တော်ပရီတိုးရီးယားတွင် နိုင်ငံတကာရဲတပ်ဖွဲ့(အင်တာပိုလ်)နှင့် တောင်အာဖရိက တော်ဝင်ရဲတပ်ဖွဲ့တို့ ရုံးစိုက်ရာအဆောက်အအုံကို သူခိုးများက ရက်သတ္တ သုံးပတ်အတွင်း ဒုတိယအကြိမ်အဖြစ် ဖောက်ထွင်းဝင်ရောက်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ယနေ့ ပြောကြားသည်။

လွန်ခဲ့သည့် စနေနေ့၊ တနင်္ဂနွေနေ့များတွင် နှစ်ဦး သို့မဟုတ် သုံးဦးသည် ဟောက်ဟုလူသိများသော စုံစမ်းစစ်ဆေးရေးတပ်ဖွဲ့ရုံးခန်းမှ လက်တော့ပ်များကို ခိုးယူသွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဆိုလိုမွန်မက်ဂေးလ်က ပြောသည်။

လက်တော့ပ်များကို ခိုးယူသွားကြသူများဟု မသင်္ကာရသူများသည် ယင်းတို့၏ အတွင်း၌ရှိသော သတင်းအချက်အလက်များထက် ယင်းပစ္စည်းတို့ကိုသာ ပိုမိုစိတ်ဝင်စားကြသည်ဟု ဆိုလိုမွန်က ပြောသည်။

ဇူလိုင်လကလည်း အဆိုပါ အဆောက်အအုံအတွင်းရှိ အင်တာပိုလ်ရဲတပ်ဖွဲ့ရုံးခန်းမှ လက်တော့ပ်နှင့် အခြားပစ္စည်းကိရိယာများ ခိုးယူခြင်း ခံခဲ့ရသည်။

သူခိုးများဟု သံသယရှိသူများသည် ကတ်များ၊ ကုတ်နံပါတ်များအသုံးပြု၍ ဝင်ရောက်လာနိုင်ခဲ့ခြင်းကြောင့် အဆောက်အအုံ၏ လုံခြုံရေးစနစ်အပေါ် စိုးရိမ်မှုများရှိလာခဲ့သည်။

ယခုအကြိမ် ခိုးယူခြင်းသည် ယင်းအဆောက်အအုံမှ သုံးပတ်အတွင်း ငါးကြိမ်မြောက်ခိုးမှုဖြစ်သည်ဟု လုံခြုံရေးသတင်းအရင်းအမြစ်များကို ကိုးကား၍ ဒေသဆိုင်ရာ တိုင်း(မ်)သတင်းစာက ဖော်ပြသည်။ **အေအက်ဖ်ပီ။**

အိန္ဒိယတောင်ပိုင်း ကေရာလာပြည်နယ်၌ အရက်သေစာ ပိတ်ပင်ရန် စီစဉ်

ကေရာလာပြည်နယ် မြို့တော်သီရူဗန်နန်သာပူရမ်၌ အရက်ဝယ်ရန် စားသုံးသူပြည်သူများ တန်းစီစောင့်ဆိုင်းကြစဉ်။

နယူးဒေလီ ဩဂုတ် ၂၂

အိန္ဒိယနိုင်ငံတောင်ပိုင်း ကေရာလာပြည်နယ်တွင် အရက်သေစာ ရောင်းဝယ်ဖောက်ကားမှုနှင့် သုံးစွဲမှုကို ပိတ်ပင်ရန် ပြည်နယ်အာဏာပိုင်များက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အရက်သေစာပိတ်ပင်မှု လုပ်ငန်းစဉ်၏ ပထမအဆင့်အဖြစ် ပြည်နယ်အတွင်းမှ အရက်ဘား ၇၀၀ ကျော်နှင့် အရက်ရောင်းချသောဆိုင်အချို့ကို ပိတ်ပင်သွားမည်ဖြစ်သည်။ ၎င်းအပြင် ပြည်နယ်အတွင်း အရက်ကင်းလွတ်နေ့များကို သတ်မှတ်ကာ ပိတ်ပင်သွားမည်ဟု ဆိုသည်။

မျှော်မှန်း

အရက်သေစာ တားမြစ် ပိတ်ပင်မှုအမိန့်သည် ၁၀ နှစ်တာ ကာလအတွင်း ပြည်နယ်အတွင်း လုံးဝအာဏာသက်ဝင်လာစေရန် ဒေသန္တရအစိုးရအဖွဲ့က မျှော်မှန်းသည်။

အမြင့်မားဆုံး

အိန္ဒိယနိုင်ငံအတွင်း လူတစ်ဦးချင်း အရက်သေစာသောက်သုံးမှု အမြင့်မားဆုံး ပြည်နယ်များထဲ၌ ကေရာလာပြည်နယ် ပါဝင်နေပြီး ပြည်နယ်သားတစ်ဦးသည် တစ်နှစ်လျှင် ယမကာပမာဏ ရှစ်လီတာအထက် သောက်သုံးသည်ဟုဆိုသည်။

ကေရာလာ ပြည်နယ်အတွင်းမှ ဆရာဝန်များနှင့် အရက်သေစာ ဆန့်ကျင်ရေးလှုပ်ရှားသူများက အရက်သေစာသောက်သုံးမှုကြောင့် အကြမ်းဖက်မှုများ မြင့်တက်ခြင်းကို သတိပေးခဲ့ကြပြီး လမ်းများပေါ် မတော်တဆဖြစ်မှုများ၊ ရပ်ရွာအေးချမ်းသာယာမှု ပျက်ပြားမှုများ ဖြစ်ပွားခဲ့ကြောင်း ပြောကြားသည်။

၎င်းအပြင် ဆေးရုံများနှင့် နာလန်ထစခန်းများ၌ အရက်သေစာသောက်သုံးမှုနှင့် ဆက်နွှယ်သော ရောဂါဝေဒနာရှင်များအား ကုသပေးနေရသည်။ **ဘီဘီစီ။**

တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှုလုပ်ငန်းစဉ်များ တတိယအကြိမ်ဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၂

သတ္တုတွင်းဝန်ကြီးဌာန နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ တတိယအကြိမ်ဆွေးနွေးပွဲကို ဩဂုတ် ၂၁ ရက် နံနက် ၁၀ ခွဲတွင် အဆိုပါဝန်ကြီးရုံး သီရိရတနာခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ဆွေးနွေးပွဲသည် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ တတိယအကြိမ် ဆွေးနွေးပွဲဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခတ်သတ္တုကဏ္ဍသည် မရှိမဖြစ်ပါရှိရမည်ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲရေး တတိယအဆင့် ယခုအခါတွင် ပုဂ္ဂလိကပြည်သူဗဟိုပြု ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲမှုများ တတိယအဆင့်တွင် သတ္တုတွင်းကဏ္ဍအနေဖြင့် သတ္တုတွင်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ အခွန်အခစနစ် ပြုပြင်ပြောင်းလဲမှုများ၊ ကျင့်ဝတ်၊ ဝတ္တရားနှင့်တာဝန်ယူ၊ တာဝန်ခံမှုများ၊ ဈေးကွက်၊ နည်းပညာနှင့် တန်ဖိုးမြှင့်တင်မှုများ၊ နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာများကို ဆိုင်ရာကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

(သတင်းစဉ်)

အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

ဟသ်ာတ ဩဂုတ် ၂၂

၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတ တက္ကသိုလ် သတ္တဗေဒမိသားစု၏ အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီက ဟသ်ာတတက္ကသိုလ် အားကစားရုံ၌ ကျင်းပရာ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက တာဝန်ခံပါမောက္ခချုပ်၊ ဘာသာရပ်ဆိုင်ရာပါမောက္ခ(ဌာနမှူး)များအား ပူဇော်ကန်တော့ခြင်း၊ ကန်တော့ပစ္စည်း ပေးအပ်ခြင်းများ ဆောင်ရွက်ကြပြီး တာဝန်ခံပါမောက္ခချုပ် ဒေါက်တာစံလင်းနှင့် သတ္တဗေဒ ပါမောက္ခ(ဌာနမှူး) ဒေါက်တာအေးအေးကိုတို့က ဆုံးမဩဝါဒနှင့် ဆုပေးစကားပြောကြားခဲ့သည်။ ထို့နောက် ပညာရည်ချွန်ဆုနှင့် အားကစားထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ကားရောင်းမည်

ADVAN ၇ဃ/. . . ၂၀၀၇ Model

ဆက်သွယ်ရန်ဖုန်း

၀၉-၃၁၆၄၂၂၆၅

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ် သစ်တောနှင့်သတ္တုဝန်ကြီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် အောက်ဖော်ပြပါ ဆောက်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါ လျှောက်လွှာများကို ကချင်ပြည်နယ်၊ သစ်တောနှင့်သတ္တုဝန်ကြီးရုံးတွင် ဝယ်ယူတင်သွင်း နိုင်ပါသည်။

စဉ်	အဆောက်အအုံအမျိုးအစား	အရေအတွက်	ဆောက်လုပ်မည့်မြို့နယ်
(၁)	ပေ(၃၄×၄၇)အကျယ်ရှိRC၊ သွပ်မိုး၊ ကွန်ကရစ်ခင်း ၁ထပ်အဆောက်အအုံ(ညွှန်ကြားရေးမှူးနေအိမ်)	၁	မြစ်ကြီးနား
(၂)	ပေ(၄၀×၂၈)အကျယ်ရှိ RC၊ သွပ်မိုး၊ ကွန်ကရစ်ခင်း ၁ ထပ်အဆောက်အအုံ(၂-ခန်းတွဲဝန်ထမ်းနေအိမ်)	၁	မြစ်ကြီးနား
(၃)	ပေ(၂၄×၂၀)အကျယ်ရှိအုတ်ညှပ်၊ သွပ်မိုး၊ ကွန်ကရစ်ခင်း ၁ထပ်အအောက်အအုံ(တောခေါင်းနေအိမ်)	၁	မြစ်ကြီးနား
(၄)	ပေ(၃၂×၂၇)အကျယ်ရှိ RC၊ သွပ်မိုး၊ ကွန်ကရစ်ခင်း ၁ထပ်အဆောက်အအုံ(မြို့နယ်ဦးစီးဌာနမှူးရုံး)	၁	ဝိုင်းမော်
(၅)	ပေ(၃၁×၂၇)အကျယ်ရှိအုတ်ညှပ်၊ သွပ်မိုး၊ ကွန်ကရစ်ခင်း ၁ထပ်အဆောက်အအုံ(မြို့နယ်ဦးစီးအရာရှိနေအိမ်)	၁	မိုးကောင်း
(၆)	ပေ(၉၆×၅၀)အကျယ်ရှိ ပျိုးပင် ၅၀၀၀၀ ဆံ့ ပျိုးဥယျာဉ်	၁	ဗန်းမော်
(၇)	ပေ(၉၆×၅၀)အကျယ်ရှိ ပျိုးပင် ၅၀၀၀၀ဆံ့ ပျိုးဥယျာဉ်	၁	ရွှေကူ

(က) အိတ်ဖွင့်တင်ဒါတင်သွင်းရန်	၃၁-၇-၂၀၁၄ရက် ရုံးဖွင့်ချိန်မှ ၃၁-၈-၂၀၁၄ရက် ၁၄း၀၀နာရီအတွင်း
(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းမည့်နေရာ	ကချင်ပြည်နယ်သစ်တောနှင့်သတ္တုဝန်ကြီးဌာန

၂။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်ဒါတင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိလိုပါက ကချင်ပြည်နယ်၊ သစ်တောနှင့်သတ္တုဝန်ကြီးဌာန၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ ဖုန်း-၀၇၄-၂၉၅၁၇၊ ၀၉-၄၇၀၃၅၉၂၂၊ ကချင်ပြည်နယ်၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးဖုန်း-၀၇၄-၂၂၃၃၁၊ ၀၉-၄၅၈၀၂၃၆၂၀ တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ဖတ်စရာ မှတ်စရာ — **အငြိမ်းစားပါမောက္ခချုပ်ဦးဝင်းကြည်(သစ်တောတက္ကသိုလ်)**

မှတ်သားထားသင့်သည့် နေ့စဉ်သုံး မက်ထရစ်ယူနစ်များ

ယခုအခါ စာရေးသူတို့နိုင်ငံသည် နိုင်ငံတကာနှင့် ဆက်ဆံမှုများလာသည်နှင့်အမျှ နိုင်ငံတကာသုံးယူနစ်များ (မက်ထရစ်ယူနစ်များ)ကို အသုံးပြုမှုများလာပြီဖြစ်ပါသည်။ ထို့ကြောင့် ပြောင်းလဲလာသောခေတ်ကို အမီလိုက်နိုင်ရန်အတွက် မှတ်သားထားသင့်သည့် မြန်မာနိုင်ငံတွင်နေ့စဉ်ကျင့်သုံးနေသော ယူနစ်များနှင့် မက်ထရစ်ယူနစ်များ၏ဆက်စပ်မှုများကို ဖော်ပြလိုက်ပါသည်။

၁ ပိဿာ=၁. ၆ ကီလိုဂရမ်(အတိအကျ ၁. ၆၃၃ကီလိုဂရမ်)

၁ ကီလိုဂရမ်=၂. ၂ ပေါင်(အတိအကျ ၂. ၂၀၄၆ပေါင်)

၁ ပေါင်=၂၈ ကျပ်သားခန့်

၁ ကီလိုဂရမ်=၆၀ ကျပ်သား(အတိအကျ ၆၁. ၂၄ ကျပ်သား)

၁ ကီလိုဂရမ်တွင် ၁၀၀၀ ဂရမ်ရှိသောကြောင့် ၁၆၀ ဂရမ်သည် ၁၀ ကျပ်သား၊ ၄၀၀ ဂရမ်သည် ၂၅ ကျပ်သား၊ ၈၀၀ ဂရမ်သည် ၅၀ ကျပ်သားနှင့် အကြမ်းဖျင်းညီမျှသည်ဟု မှတ်သားထားနိုင်သည်။

ဆန် ၁ ပြည် = ၂ ကီလိုဂရမ်(အတိအကျ ၂. ၀၄၁ ကီလိုဂရမ်)

၁ မက်ထရစ်တန်(metric ton or tonne)=၁၀၀၀ ကီလိုဂရမ် =၀. ၉၈၄၃ တန်(ton) ၊ ဤ ton သည် ဗြိတိသျှစနစ်မှ တန်ဖြစ်သည်။ ၁ ton တွင် ၂၂၄၀ ပေါင်ရှိသည်။ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံများတွင် short ton ကို အသုံးပြုလေ့ရှိသည်။ ၁ short ton တွင် ပေါင် ၂၀၀၀ ရှိသည်။

ရွှေ ၁ အောင်စ=၁. ၉ ကျပ်သား(အတိအကျ ၁. ၉၀၄၇၆၂ ကျပ်သား)

ရွှေ ၁ ကျပ်သား=၁၆. ၃ ဂရမ်(အတိအကျ ၁၆. ၃၂၉၃၂၅ ဂရမ်)

ယခုဖော်ပြထားသည့် အောင်စသည် စာရေးသူတို့လက်ရှိ အသုံးပြုနေသည့် အောင်စ(၁၆ အောင်စ ၁ ပေါင်)နှင့် မတူပါ။ ရွှေ၏အလေးချိန်ကို သတ်မှတ်ရာတွင် troy ounce ကို သုံးသည်။ ၁ ထရွိုင်ပေါင်တွင် ၁၂ ထရွိုင် အောင်စရှိပြီး ၁ ထရွိုင်ပေါင်တွင် ၃၇၃. ၂၄၁၇၂၁၆ ဂရမ်ရှိသည်ဟု သတ်မှတ်ထားသည်။

၁ လက်မ=၂၅. ၄ မီလီမီတာ

၁ မီတာ= ၁ ကိုက်နှင့် ၃ လက်မ(အတိအကျ ၃. ၂၈၀၈ ပေ)

၁ ကီလိုမီတာ=၀. ၆ မိုင်(အတိအကျ ၀. ၆၂၁ မိုင်)

၁၀၀ km p h=၆၀ m p h (အကြမ်းဖျင်း)

၁ ဟက်တာ=၂. ၄၇ ဧက

၁ ကုဗမီတာ=၃၅. ၃ ကုဗပေ(အတိအကျ ၃၅. ၃၁၃၄ ကုဗပေ)

၁ ကုဗမီတာ(၁၀၀၀ လီတာ)=၂၂၀ ဂါလန်

ရေ ၁ ယူနစ်=၁ ကုဗမီတာ

၁ ဂါလန်=၄. ၅ လီတာ(အတိအကျ ၄. ၅၄၆ လီတာ)

၁ လီတာ=၀. ၂၂ ဂါလန်

၁ လီတာဝင်ရေသန့်ဘူးတစ်ဘူး၏အလေးချိန်=၆၀ကျပ်သား(အတိအကျ ၆၁. ၂၄ ကျပ်သား)

ရေ၏ သိပ်သည်းခြင်းသည် ၁၀၀၀ kg/m^3 ရှိသည်။ ပဲဆီ၊ နှမ်းဆီတို့၏ သိပ်သည်းခြင်းသည် ၉၂၃ kg/m^3 (၀. ၉၂၃ kg/liter)ရှိသဖြင့် တစ်လီတာဝင်စားသုံးဆီဘူးတစ်ဘူးသည် ၅၆. ၅ ကျပ်သားခန့်လေးသည်။

မြောင်မြို့နယ်၌ မိုးမြေပဲများ အောင်မြင်ဖြစ်ထွန်း

မြောင် ဩဂုတ် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကျီးတောကျေးရွာများရှိ ယာမြေများပေါ်တွင် နှစ်စဉ် မိုးမြေပဲ (ဩဂုတ်မြေပဲ)များ စိုက်ပျိုးအောင်မြင်လျက်ရှိပြီး ယခုနှစ်မိုးရွာသွန်မှုနောက်ကျ၍ တောင်သူများ စိုက်ပျိုးရန် အခက်တွေ့နေရသော်လည်း မြို့နယ်စိုက်/ကြပ်အဖွဲ့၏ လမ်းညွှန်မှုနှင့်အတူ ဇူလိုင်လကုန်ပိုင်းက ကွက်ကျားမိုးအနည်းငယ်ရွာခဲ့သည့်နေရာများတွင် မြေပဲများစိုက်ပျိုး၍လည်းကောင်း၊ မိုးမရွာသည့်နေရာအချို့တွင် မြေအောက်ရေသွင်း၍လည်းကောင်း စိုက်ပျိုးခဲ့ကြသဖြင့် ယခု ဩဂုတ်လလယ် မိုးရွာသွန်းချိန်တွင် မြေပဲပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဖွားစောကျေးရွာမှ မြေပဲစိုက်တောင်သူတစ်ဦးက “ဒီနှစ် မိုးခေါင်လို့ မြေပဲမစိုက်ရတော့ဘူး ထင်နေတာ။ ဇူလိုင်လလယ်ထိ မိုးကမရွာဘူး။ ရွာပြန်တော့လည်း ကွက်ကျားရွာရုံလေးဆိုတော့ ကျွန်တော်တို့ဘက်က ယာမြေတွေဆီကို မိုး မရောက်ဘူး။ ဩဂုတ်မြေပဲက ဇူလိုင်လကုန်နှင့် ဩဂုတ်လဆန်းပိုင်းမှာ အမီစိုက်ပျိုးမှ မြေပဲက ဥတာ။ ဩဂုတ်လလယ်ကျော်သွားတဲ့အထိ မစိုက်ပျိုးရသေးရင် နောက်ကျတော့မှာမို့ ဩဂုတ်လဆန်းပိုင်းမှာ မြေအောက်ရေတင်ပြီး စိုက်ပျိုးခဲ့တယ်။ ခု ဩဂုတ်မိုးနဲ့ဆိုတော့ အပင်တွေ တော်တော်ကို ကောင်းပါတယ်”ဟု ပြောပြသည်။

မြောင်မြို့နယ်အတွင်းရှိ မိုးမြေပဲစိုက်တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ခြင်းမှာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်စိုက်/ကြပ်အဖွဲ့များ ကွင်းဆင်းဟောပြောပို့ချမှုတို့ကြောင့်ဖြစ်ကြောင်း ဒေသခံတောင်သူများထံမှ သိရပြီး မိုးမြေပဲစိုက်ပျိုးထားသည့် တောင်သူများ ဝမ်းသာလျက်ရှိကြောင်း သိရသည်။

မြင့်နိုင်စိုး(Iprd)

အမှတ်တရအဆောက်အအုံဆောက်လုပ်ရန် ငွေလှူဒါန်းခဲ့သည့် သရုပ်ဆောင်နှင့်အဆိုတော် ကင်မ်ဒေါင်းဝမ်

တောင်ကိုရီးယားဂီတအဖွဲ့ Shinhwa မှ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ကာ ရုပ်ရှင်လောကတွင်လည်း အောင်မြင်မှုများရရှိနေသူ ကင်မ်ဒေါင်းဝမ်က ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်စစ်သားများ၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုခံစားခဲ့ရသည့် အမျိုးသမီးများအတွက် ရည်ရွယ်ကာ အမှတ်တရ အဆောက်အအုံတစ်ခု ဆောက်လုပ်ရန် အလှူငွေ တောင်ကိုရီးယားဝမ်သန်း ၃၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

"ဒီသမိုင်းကို ပြန်ကြည့်မယ်ဆိုရင် အလွန်နာကျင်စရာ ကောင်းပေမယ့် သတိရနေသင့်ပါတယ်၊ ဒီလှူဒါန်းငွေတွေနဲ့ ကျန်တဲ့အမျိုးသမီးတွေကို ထောက်ပံ့မှုတွေပြုလုပ်သွားနိုင်မှာပါ" ဟု လှူဒါန်းရခြင်းနှင့် ပတ်သက်ပြီး သရုပ်ဆောင် ကင်မ်က ပြောကြားခဲ့သည်။

သရုပ်ဆောင်နှင့်အဆိုတော် ကင်မ်ဒေါင်းဝမ်အနေဖြင့် ယခုကဲ့သို့ လှူဒါန်းမှုမျိုးသည် ပထမဆုံးအကြိမ် မဟုတ်ပါကြောင်း၊ လိုအပ်သည့်နေရာများတွင် လှူဒါန်းမှုများပြုလုပ်ပေးနေပါကြောင်း၊ ကင်ဆာရောဂါ ခံစားနေရသည့် ကလေးငယ်များအတွက် အလှူငွေ ဝမ် ၁၂ သန်း အပါအဝင် ယခုအချိန်ထိ တောင်ကိုရီးယားဝမ်သန်း ၁၀၀ ကျော် လှူဒါန်းထားကြောင်း သိရသည်။

သရုပ်ဆောင်နှင့်အဆိုတော် ကင်မ်သည် ၎င်း၏ ပရဟိတဆောင်ရွက်ချက်များကြောင့် ၂၀၁၁ ခုနှစ် အစောပိုင်းတွင် တောင်ကိုရီးယားအစိုးရမှ ဂုဏ်ပြုခြင်းခံထားရသူတစ်ဦးလည်း ဖြစ်သည်။

ဟောလိဝုဒ်ဇာတ်ကားသစ်တွင်ပါဝင်ရန် ကမ်းလှမ်းခြင်းခံထားရသူ ဟယ်ရီစတိုင်လ်

One Direction အဖွဲ့မှ မိန်းကလေးပရိသတ်အတော်များများ၏ စိတ်ဝင်စားမှုခံရသူ အဖွဲ့ဝင် ဟယ်ရီစတိုင်လ်အား ဟောလိဝုဒ်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ရန် ကမ်းလှမ်းခြင်းခံထားရသော်လည်း ၎င်းအနေဖြင့် ငြင်းဆန်ထားဆဲဖြစ်ကြောင်း သိရသည်။

ဟယ်ရီစတိုင်လ်ကို ဆွီဒင်မင်းသမီး Alicia Vikander၊ ဝါရင့်ရုပ်ရှင်မင်းသမီးကြီး Dame Judi Dench တို့နှင့် တွဲဖက်ကာ Tulip Fever အမည်ရှိ ဇာတ်ကားသစ်တွင် ပါဝင်သရုပ်ဆောင်ရန် ကမ်းလှမ်းထားကြောင်း အမေရိကန်ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးဖြစ်သည့် Harvey Weinstein က ဒေးလီးမေးလ်သတင်းစာသို့ ပြောကြားခဲ့ကြောင်း သိရသည်။

သို့သော် ဟယ်ရီစတိုင်လ်အနေဖြင့် အခြားအဖွဲ့ဝင်များနှင့် ဂီတနှင့်ဖျော်ဖြေရေးပိုင်းကိုသာ အာရုံစူးစိုက်လို၍ ယင်းကိစ္စကို ယခုအချိန်ထိ ငြင်းဆန်ထားဆဲဖြစ်သော်လည်း အသက်(၂၀)အရွယ် ပေါ့ပ်ဂီတကြယ်ပွင့် ဟယ်ရီစတိုင်လ်အနေဖြင့် ယင်းအခွင့်အရေးကို လက်ခံလိုက်ပါက ဟောလိဝုဒ်ရုပ်ရှင်လောက၌ အောင်မြင်မှုခြေလှမ်းသစ်များကို အစပျိုးနိုင်မည်ဖြစ်ကာ အဆိုပါ Tulip Fever ဇာတ်ကားသစ်ကို နယ်သာလန်နိုင်ငံ မြို့တော် အမ်စတာဒမ်၌ ရိုက်ကူးပုံဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးနွယ်မောင် - စုစည်းသည်

ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန တတိယအဆင့် လုပ်ငန်းစဉ်များရှင်းလင်းဆွေးနွေး

မုံရွာ ဩဂုတ် ၂၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနက နိုင်ငံတော်၏တတိယအဆင့် လုပ်ငန်းစဉ်များတွင် ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန၏ လုပ်ငန်းစဉ်များကို ဌာနဝန်ထမ်းများသာမက ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနမှ ဦးဆောင်ဖွဲ့စည်းပေးခဲ့သည့် မြို့နယ်များရှိ စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့၊ အစုအဖွဲ့ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များသိရှိလိုက်နာဆောင်ရွက်နိုင်ရန် တွေ့ဆုံရှင်းလင်းပွဲကို ဩဂုတ် ၁၀ ရက်က မုံရွာမြို့ ကုန်သွယ်မြှင့်တင်ရေးရုံးတွင် ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူး (ညွှန်ကြားရေးမှူး) ဦးအောင်မောင်းက နိုင်ငံတော်အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် သုံးရပ်ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် လုပ်ငန်းများ အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်အောင် အရှိန်မြှင့်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အဂတိလိုက်စားမှုလျော့နည်းပပျောက်စေရန် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိသည့် လွယ်ကူလျင်မြန်ပြီး အချိန်ကုန်ငွေကုန်သက်သာစေသည့် (e-Government) စနစ်ဖြင့် အရှိန်မြှင့်ပြောင်းလဲဆောင်ရွက်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကို အောင်မြင်စွာထူထောင်နိုင်မည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားသည်။ အလားတူ ရှင်းလင်းပွဲများကို တိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်းမြို့နှင့် ရွှေဘိုမြို့များတွင်လည်း ကျင်းပခဲ့ကြောင်း သိရသည်။

အေးချမ်းမောင်(မုံရွာ)

ယာဉ်သက်တမ်းတိုးခြင်းနှင့် ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးခြင်းဆောင်ရွက်

တပ်ကုန်း ဩဂုတ် ၂၂

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ မြို့နယ်မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီနှင့် နေပြည်တော် ကညနတို့ပူးပေါင်း၍ တပ်ကုန်းမြို့နယ်အတွင်းရှိ မော်တော်ယာဉ်များ ယာဉ်လိုင်စင်သက်တမ်းတိုးခြင်း၊ ယာဉ်

မောင်းလိုင်စင် သက်တမ်းတိုးခြင်း၊ ဆိုင်ကယ်စီးယာဉ်မောင်းလိုင်စင်အသစ် ရရှိရေးအတွက် သင်တန်းပို့ချခြင်း၊ ယာဉ်မောင်းစစ်ဆေးခြင်းတို့ကို ဩဂုတ် ၁၆ ရက်နှင့် ၁၇ ရက်က အောင်ဆန်းခန်းမနှင့် မော်တော်ယာဉ်ရုံးတို့တွင် ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ယာဉ်သက်တမ်းတိုးမော်တော်ယာဉ် ၂၆ စီး၊ ဆိုင်ကယ် ၈၉ စီး၊ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုး ၂၃၂ ဦးနှင့်ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်အသစ် (သင်တန်းတက်)ထုတ်ယူခွင့်ရရှိသူ ၆၄၄ ဦးတို့အား ယာဉ်မောင်းလိုင်စင် ထုတ်ယူခွင့်တို့ကို နေပြည်တော်ကညနမှ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(တင်ထွန်းတာ)

ဘွန်ဒက်လီဂါပွဲစဉ်(၁)

၂၀၁၄-၂၀၁၅ ဘောလုံးရာသီ ဂျာမန်ဘွန်ဒက်လီဂါ ပြိုင်ပွဲ အဖွင့်ပွဲစဉ်များကို ဩဂုတ် ၂၃ ရက်တွင် စတင်ယှဉ်ပြိုင်တော့မည်ဖြစ်သည်။ ယခု အပတ်ပွဲစဉ်(၁)တွင် ဒေါ့မွန်နှင့်လေဗာကူဆင်တို့ ထိပ်တိုက်တွေ့ဆုံသည့် ပွဲကောင်းတစ်ပွဲပါဝင်နေပြီး အသင်းများအားလုံး ရာသီအစ အားထည့်ရုန်းကန်ယှဉ်ပြိုင်ကြမည်ဖြစ်သဖြင့် ပွဲအားလုံးနီးပါး ကြည့်ကောင်းမည့်ပွဲများ ဖြစ်နေလေသည်။ သို့ဖြစ်၍ ရာသီအဖွင့် "ပွဲစဉ်(၁) စနေနေ့ညပွဲစဉ်များမှာ ဘယ်အသင်းတွေအောင်ပွဲခံမလဲ" ဆိုသည်ကို ကြိုတင်တွက်ဆကြည့်လိုက်မိပါသည်။

ဟော့ဖန်ဟိမ်း-အော့စ်ဘတ် ည ၈း၀၀ (၂၃-၈-၂၀၁၄)

ပြီးခဲ့သည့်ရာသီအပါအဝင် နောက်ဆုံးသုံးကြိမ် ဟော့ဖန်ဟိမ်း၏အိမ်ကွင်းမှာ အော့စ်ဘတ်တို့ အသာမရခဲ့ပါ။ အမြင့်ဆုံးသရေသာ ရအောင်ကစားနိုင်ခဲ့သည်။ လက်ရှိအိမ်ရှင်အသင်း၏ ခြေစွမ်းမှာလည်း အော့စ်ဘတ်ထက် အနည်းငယ်ပိုကောင်းနေ၍ အိမ်ရှင်တို့ရလဒ်ကောင်း ရယူနိုင်ပါလိမ့်မည်။

ဟန်နိုဗာ-ရှော်လ်ကေး ည ၈း၀၀ (၂၃-၈-၂၀၁၄)

ခြေစမ်းပွဲများတွင် ရလဒ်ကောင်းရခဲ့သည့် ဟန်နိုဗာ ရာသီအဖွင့်ပွဲစဉ်တွင်လည်း ရလဒ်ကောင်းတစ်ခုကို ရယူနိုင်အောင် အားထည့်ကစားမည်မှာသေချာနေ၍ ဧည့်သည် ရှော်လ်ကေးတို့ ခက်ခက်ခဲခဲကစားရမည့်ပွဲဖြစ်သည်။ ဟန်နိုဗာ အိမ်ကွင်းနောက်ဆုံးသုံးကြိမ်တွေ့ဆုံမှုတွင် နိုင်ပွဲမရှိခဲ့သည့် ဧည့်သည်တို့အမြင့်ဆုံးသရေသာ ရယူနိုင်မည်ဟုသုံးသပ်မိသည်။

ဟာသာဘလင်-ဝါဒါဘရီမင် ည ၈း၀၀ (၂၃-၈-၂၀၁၄)

မနှစ်က အဆင့်အထက်နှင့်အောက်၊ ရမှတ်နှစ်မှတ်သာအကွာဆိုသည့် အနေအထားရှိ နှစ်သင်း၏တွေ့ဆုံမှု၊ ပြိုင်ဆိုင်မှု ပြင်းထန်မည်ဖြစ်သည်။ တစ်သင်းနှင့်တစ်သင်း ခြေစွမ်းသိပ်မကွာလှသဖြင့် သရေဖြင့်ပွဲပြီးသွားပေလိမ့်မည်။

ဖရန့်ဖတ်-ဖရိုင်းဘတ် ည ၈း၀၀ (၂၃-၈-၂၀၁၄)

နောက်ဆုံးသုံးပွဲကစားခဲ့သည့် ခြေစွမ်းအရဆိုလျှင် နှစ်သင်းစလုံးမကွာလှဟုပြောနိုင်သည်။ အိမ်ရှင်ဖရန့်ဖတ်က အင်တာမီလန်ကို ဂိုးပြတ်အနိုင်ရခဲ့၍ အနည်းငယ်အသာရနေသော်လည်း ယခုအဖွင့်ပွဲစဉ် ဖရိုင်းဘတ်ကို အသာစီးရနိုင်ရန် ကြိုးစားရဖွယ်ရှိနေသည်။

ကိုလုံး- ဟမ်းဘတ် ည ၈း၀၀(၂၃-၈-၂၀၁၄)

ယခုနှစ်ရာသီ တန်းတက်လာသည့် ကိုလုံးနှင့် ပြီးခဲ့သည့် ရာသီတန်းမဆင်းရရေး နောက်ဆုံးအချိန်ထိ ရုန်းကန်ခဲ့ရသည့် ဟမ်းဘတ်တို့၏အဖွင့်ပွဲစဉ်မှာ ကြည့်ကောင်းမည့် ပွဲတစ်ပွဲဖြစ်မည်မှာ သေချာနေသည်။ တန်းတက်ကိုလုံး အိမ်ကွင်းအားသာချက်နှင့် ရလဒ်ကောင်း အရယူသွားမည်ဟု သုံးသပ်မိသည်။

ဒေါ့မွန်-လေဗာကူဆင် ည ၁၁း၀၀ (၂၃-၈-၂၀၁၄)

ယခုအပတ်ရာသီအစ ပြိုင်ပွဲအဖွင့်ပွဲစဉ်ကိုးပွဲအနက် အကြိတ်အနယ်အရှိဆုံး ပွဲကြီးပွဲကောင်းတစ်ပွဲဖြစ်မည့် ပွဲဖြစ်သည်။ စူပါဖလားချန်ပီယံ ဒေါ့မွန်အသင်းချန်ပီယံလိဂ် ခြေစစ်ပွဲ(Play Off) ကစားထားရသည့် လေဗာကူဆင်ကို အသာစီးရအောင်ကြိုးစားကစားသွားပေလိမ့်မည်။

ဝင်းထွင့်ဦး

အေစီမီလန်တိုက်စစ်မှူး ဘာလော့တယ်လီအား ခေါ်ယူရန် လီဗာပူးသဘောတူညီမှုရရှိ

ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းသည် အေစီမီလန်တိုက်စစ်မှူးမာရီယိုဘာလော့တယ်လီအား ပေါင် ၁၆ သန်းဖြင့် ခေါ်ယူရန် အေစီမီလန်အသင်းနှင့် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။ လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာသည် ပြီးခဲ့သည့်နှစ်က လီဗာပူးအသင်း၏ ထိပ်တန်းဂိုးသွင်းရှင်တစ်ဦးဖြစ်သူ တိုက်စစ်မှူး ဆွာရတ်ဇ်အား ဘာစီလိုနာအသင်းသို့ ရောင်းချခဲ့ပြီးနောက် အသင်း၏ တိုက်စစ်ပိုင်းကို အားပြန်ဖြည့်ရန်အတွက် အသက်(၂၄)နှစ်အရွယ်ရှိ အီတလီကြယ်ပွင့် ဘာလော့တယ်လီအား ခေါ်ယူရန် ဆန္ဒဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး တစ်ပတ်လုပ်ခလစာ ပေါင် ၉၀၀၀၀ ဖြင့် ကမ်းလှမ်းထားခြင်းဖြစ်ကြောင်းလည်း သိရသည်။

တိုက်စစ်မှူး ဘာလော့တယ်လီသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပရီမီယာလိဂ်ကလပ် မန်စီးတီးမှ အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၁၉ သန်းဖြင့် ပြောင်းရွှေ့သွားခဲ့သူဖြစ်ပြီး စီးရီးအေကလပ် အေစီမီလန်အသင်းနှင့်အတူ ၅၄ ပွဲကစားကာ သွင်းဂိုး ၃၀ သွင်းယူပေးနိုင်ခဲ့သည်။

၂၀၁၀ ခုနှစ် ဩဂုတ်လက အင်တာမီလန်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၂၄ သန်းဖြင့် ရောက်ရှိလာခဲ့သူဖြစ်ပြီး မန်စီးတီးအသင်း၌ ပွဲပေါင်း ၈၀ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၃၀ သွင်းယူပေးနိုင်ခဲ့သည့်အပြင် ၂၀၁၁-၂၀၁၂ ဘောလုံးရာသီက မန်စီးတီးအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလားကိုပင် ဆွတ်ခူးနိုင်ခဲ့သည်။

လီဗာပူးအသင်းသည် ယခုအပြောင်းအရွှေ့တွင် ဆောက်သမ်တန်တိုက်စစ်မှူး ရစ်ကီလမ်းဘာ့နှင့် လိုင်လီအသင်းမှ ဘယ်လ်ဂျီယံတိုက်စစ်မှူး အိုရီဂီတို့ကို ခေါ်ယူထားခဲ့သော်လည်း အိုရီဂီကိုမူ လိုင်လီအသင်းသို့ တစ်ရာသီအငှားပြန်ချထားခဲ့သည်။ လီဗာပူးအသင်းသည် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်တွင် စတားရစ်နှင့် စတာလင်တို့၏ သွင်းဂိုးနှစ်ဂိုးဖြင့် ဆောက်သမ်တန်အား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း တိုက်စစ်မှူး တစ်ဦးခေါ်ယူရန် လိုအပ်နေဆဲဟု ထင်ထားသောကြောင့် ဘာလော့တယ်လီအား ခေါ်ယူရန် ဆန္ဒဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်းလည်း ဘရန်ဒန်ရော့ဂျာက ဆိုသည်။

[ငွေကြယ်]

ပရီမီယာလိဂ်ရင်ခုန်သံ – ၂

၂၀၁၄-၁၅ ပရီမီယာလိဂ်ရာသီအဖွင့်မှာ မန်ယူရှုံးပွဲကြုံတယ်။ အာဆင်နယ်၊ လီဗာပူး၊ မန်စီးတီး၊စပါးစ်တို့လည်း အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ကြရပြီး ပြတ်သားတဲ့ရလဒ်တွေ မယူနိုင်ခဲ့ကြဘူး။ ဒါကြောင့် ပွဲစဉ် (၂) မှာ ဒီအသင်းကြီးတွေ ဘာဖြစ်မလဲစောင့်ကြည့်ရဖို့ရှိနေတယ်။

ဗီလာ-နယူးကာဆယ် ည ၆း၁၅ (၂၃-၈-၁၄)

မန်စီးတီးကိုရှုံးခဲ့တယ်ဆိုပေမယ့် နယူးကာဆယ်ရဲ့ခြေမဆိုးဘူး၊ အပြောင်းအလဲများမှုကြောင့် နားလည်မှုအပိုင်းမှာ လိုအပ်ချက်အချို့ရှိနေခြင်းနဲ့ တိုက်စစ်ပိုင်းမှာ အဆုံးသတ်ပိုင်းအားကောင်းသူမရှိတဲ့အားနည်းချက်ကိုတော့ သတိပြုရမယ်။ ဗီလာကလည်း အိမ်ကွင်းမှာကောင်းတတ်တာနဲ့ပါထည့်စဉ်းစားဖို့လိုမယ်ထင်တယ်။

ချဲလ်ဆီး-လက်စတာ ည ၈း၃၀ (၂၃-၈-၁၄)

အဲဗာတန်ကိုသရေကစားခဲ့တဲ့ လက်စတာအနေနဲ့ချဲလ်ဆီးကို အံတုနိုင်ပါ့မလား။ အဝေးကွင်းဖြစ်တယ်။ ဒီလိုပွဲမျိုးမှာ ချန်ပီယံဖြစ်လိုတဲ့ ချဲလ်ဆီးကလည်း အမှားခံမှာမဟုတ်ဘူး။ အထူးသဖြင့် အိမ်ကွင်းမှာဆိုရင် ရလဒ်ပိုင်းကောင်းမွန်တတ်တဲ့မော်ရင်ဟိုရဲ့ အစဉ်အလာ။ အဲဒါကို မေ့လို့မဖြစ်နိုင်ဘူးထင်တယ်။

ပဲလေ့စ်-ဝက်စ်ဟမ်း ည ၈း၃၀ (၂၃-၈-၁၄)

အာဆင်နယ်ကို သရေရလုနီးနီးခံကစားခဲ့တဲ့ ပဲလေ့စ်ရဲ့ကစားအားက မဆိုးဘူး။ ဝက်စ်ဟမ်းကလည်း စပါးစ်ကို သရေရလုနီးနီးကစားခဲ့တဲ့ အားကကောင်းတယ်။ ဒါပေမယ့် အဲဒီမှာ သတိပြုရမယ့်အချက်က ဝက်စ်ဟမ်းဟာ အဝေးကွင်းပွဲမှာ ခြေမငြိမ်တတ်မှုနဲ့ တိုက်စစ်ပိုင်းအားပျော့မှုပဲ။ အဲဒါနဲ့ချင့်ချိန်ရမယ်။

ဆွမ်ဆီး-ဘန်လေ ည ၈း၃၀ (၂၃-၈-၁၄)

တန်းတက်ဘန်လေဟာ ကစားသမားအင်အား တောင့်တင်းမှုမရှိပါဘူး။ အသင်းလိုက်ကစားပုံလေးက မဆိုးပေမယ့် အိမ်ကွင်းမှာ နိုင်ပွဲဆက်ဖို့ အားစိုက်လာမယ့် ဆွမ်ဆီးကိုယှဉ်နိုင်ပါ့မလား။ ဒါပေမယ့် ဒီပွဲမှာသတိပြုရမှာက ဆွမ်ဆီးဟာ တိုက်စစ်ပိုင်းမှာ ထိမိတဲ့အဆုံးသတ်နိုင်သူမရှိခြင်းဘဲ။ အဲဒါကို သတိပြုရမယ်။

ဆောက်သမ်တန်-ဝက်စ်ဘရွမ်း ည ၈း၃၀ (၂၃-၈-၁၄)

လီဗာပူးကို ရှုံးခဲ့ရတဲ့ပွဲမှာ ဆောက်သမ်တန်ရဲ့ ခြေမဆိုးပါဘူး။ ဒါပေမယ့် အဲဒီပွဲမှာ တွေ့ရတာက ပယ်လီ၊ တာဒစ်တို့လို တိုက်စစ်မှူးသစ်တွေဟာ အသင်းနဲ့ အသားမကျသေးဘူးဆိုတာပဲ။ ဒါပေမယ့် တစ်ခုရှိတာက ဆောက်သမ်တန်ရဲ့ အိမ်ကွင်းကောင်းမွန်တတ်မှုနဲ့ ဝက်စ်ဘရွမ်းရဲ့ အဝေးကွင်းခြေကျဆင်းတက်မှု ဒါကိုတော့သတိပြုရမယ်။

အဲဗာတန်-အာဆင်နယ် ည ၁၁း၀၀ (၂၃-၈-၁၄)

အဖွင့်ပွဲစဉ်အဲဗာတန်အနိုင်မရခဲ့ဘူး။ ဒါကြောင့် အိမ်ကွင်းမှာအမှတ်ထပ်မံမဆုံးရှုံးဖို့အတွက် အားစိုက်ကစားလာမယ့် အခြေအနေကို သတိပြုရမယ်။ ပြီးတော့ အဲဗာတန်ကအိမ်ကွင်းဆိုရင်လည်း ကစားအားကောင်းတတ်တယ် ထပ်ပြီးသတိပြုရမှာက အာဆင်နယ်ရဲ့ ပွဲပန်းမှုပဲ။ အာဆင်နယ်ဟာအဖွင့်မှာလည်း နိုင်ခဲ့ပေမယ့် ခြေအကောင်းကြီးမဟုတ်ဘူး။ ချန်ပီယံလိဂ်ခြေစစ်ပွဲကြောင့်လည်း ပွဲပန်းနိုင်တာနဲ့ ချင့်ချိန်ရမယ်။

ဟားလ်-စတုတ် ည ၇း၀၀ (၂၄-၈-၁၄)

စတုတ်ဟာ အခုအထိ တိုက်စစ်ပိုင်းအားနည်းမှုပြဿနာကို မဖြေရှင်းနိုင်သေးဘူး။ ကာလစ်ကလည်း ထင်သလောက် အလုပ်မဖြစ်သေးဘူး။ ဒါပေမယ့် စဉ်းစားရမှာက စတုတ်က ကစားပုံမာတယ်။ ရှုံးပွဲကြုံထားလို့အမှတ်ရအောင် အားစိုက်မယ်။ ဟားလ်ကလည်း ယူရိုပါလိဂ်ခြေစစ်ပွဲကြောင့် ပွဲပန်းလာမှာဆိုတော့ အဲဒါနဲ့ချင့်ချိန်ရမယ်။

စပါးစ်-ကျူပီအာ ည ၇း၀၀ (၂၄-၈-၁၄)

အဖွင့်မှာ ဝက်စ်ဟမ်းကို နိုင်ပေမယ့် စပါးစ်ခြေအကောင်းကြီးမဟုတ်သေးပါဘူး။ ပြီးတော့ ယူရိုပါလိဂ်ခြေစစ်ပွဲကြောင့်လည်း စပါးစ်ပွဲပန်းနိုင်သေးတယ်။ ဒါပေမယ့် သတိပြုရမှာက အိမ်ကွင်းဖြစ်တယ်။ ပြီးတော့ ပြိုင်ဘက် ကျူပီအာကလည်း အသင်းလိုက်ဟန်ချက်မိမှုအပိုင်းမှာ အားနည်းနေသေးတယ်။ အဲဒါတွေကို သတိပြုရမယ်။

ဆန်းဒါးလန်း - မန်ယူ ည ၉း၃၀ (၂၄-၈-၁၄)

အဖွင့်မှာ မန်ယူရဲ့ခြေကလိုအပ်ချက်တွေသိပ်များတယ်။ အထူးသဖြင့် ဗန်ဟားလ်ရဲ့နည်းစနစ် ကစားသမားတွေ လိုက်မကစားနိုင်သေးဘူး။ ဒါပေမယ့် ဆန်းဒါးလန်းကလည်းခြေသာမန်သာရှိတာကို သတိပြုရမယ်။ ပြီးတော့ မန်ယူအနေနဲ့လည်း နှစ်ပွဲဆက်ရလဒ်အဆိုးခံမှာမဟုတ်ဘူး။ အဲဒါကို သတိပြုရမယ်။

မန်စီးတီး-လီဗာပူး နံနက် ၁း၃၀ (၂၆-၁၂-၁၄)

လက်ရှိအချိန်အထိ နှစ်ဘက်စလုံးအထိုင်မကျသေးပါဘူး။ ဒါပေမယ့် လီဗာပူးရဲ့ အထိုင်မကျမှုက ပိုပြီးသိသာတယ်။ ပြီးတော့ မန်စီးတီးဟာ အိမ်ကွင်းမှာ အဓိကပြိုင်ဘက်ကို အနိုင်ယူနိုင်ဖို့ အားစိုက်ကစားမှာသေချာသလို မန်စီးတီးဟာ အိမ်ကွင်းပွဲမှာလည်း ကစားပုံကောင်းတတ်တာကို သတိပြုဖို့တော့လိုတယ်။

ရှိုင်းမင်းမင်း



ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၇-အိပ်ချ်)၊ လူနေရပ်ကွက်အမှတ်-နံ့သာကုန်း၊ မြေကွက်အမှတ်(၁၀/၃) မြေဧရိယာ(၀. ၁၂၈)ဧကရှိ လေးဖက်လေးတန်ခြံစည်းရိုးကာရံပြီး မြေပိုင်မြေ(၃-ခ)ရပြီးမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ၁၉၉၈ခုနှစ်၊ ဧပြီလ(၂၂)ရက်တွင် ပြုလုပ်သည့် "မေတ္တာဖြင့်အပိုင်ပေးခြင်းစာချုပ်"အမှတ်-၈၁၇/၁၉၉၈အရ ဦးမောင်အုန်း[၁၂/ အစန(နိုင်)၀၂၇၅၀၆]နှင့် ဒေါ်ကျော့ရင် [၁၂/အစန(နိုင်)၀၂၇၅၀၇]တို့မှ အမည်ပေါက်ပိုင်ဆိုင်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ(၂-ဦး)အနက် ဦးမောင်အုန်း ကွယ်လွန်သွားသဖြင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တစ်ဦးတည်းသောဇနီး၊ ပူးတွဲအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကျော့ရင်တစ်ဦးတည်းမှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှစရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအားလုံးတို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာ ယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ(**LL.B**)
တရားလွှတ်တော်ရှေ့နေ(၄၃၇၃)

ဒေါ်လှလှခိုင်(**LL.B**)
တရားလွှတ်တော်ရှေ့နေ(၅၄၁၀)

အမှတ်(၉/၁၁)၊အခန်းအမှတ်(၂၀၁ **A**)၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

သင့်သွေးဖြင့် အသက်ကယ်ပါ





ပုသိမ်၊ ဟင်္သာတ ကုန်ပို့ကားဂိတ်များတွင် ကားရှားကာ ကုန်စုပုံနေပြီး မန္တလေး၊ တောင်ကြီး၊ ဘားအံ ကားဂိတ်များတွင် ကုန်ရှားကာ ကားပုံနေ

ရန်ကုန် ဩဂုတ် ၂၂

ပုသိမ်၊ ဟင်္သာတဒေသများသို့ ကုန်ပို့နေသော ကားဂိတ်များတွင် တင်ပို့မည့်ကုန်များ စုပုံနေသော်လည်း မန္တလေး၊ တောင်ကြီး၊ ဘားအံဒေသများသို့ ကုန်ပို့နေသည့် ကားဂိတ်များတွင်မူ တင်ပို့မည့် ကုန်ရှား၍ ကုန်ကားများ ရက်အတန်ကြာကုန်ရရေးအတွက် စောင့်ဆိုင်းနေရသည်ဟု ဘုရင့်နောင်ပွဲရုံဝင်းရှိ ကားဂိတ်များမှ သိရသည်။

တစ်အိတ်လျှင် ကားခ ငွေကျပ် ၆၀၀ ရှိသော်လည်း ပုသိမ်၊ ဟင်္သာတမှ ရန်ကုန်ဘက် ကုန်ပို့ခရီးစဉ်များတွင် ဩဂုတ်လလယ်မှ စ၍ ပုသိမ်မှ ငွေကျပ် ၄၀၀၊ ၄၅၀ နှုန်း၊ ဟင်္သာတမှ ငွေကျပ် ၅၀၀ နှုန်းသာရှိကြောင်း၊ မန္တလေးမှ ရန်ကုန်ဘက်သို့ အောက်ခံကုန်တစ်ပိဿာလျှင် ၂၅ ကျပ်ဝန်းကျင်ရှိပြီး အောင်ပန်း၊ တောင်ကြီးဒေသများမှ ရန်ကုန်ဘက်သို့ ကုန်စိမ်းကားခမှာ ခရမ်းချဉ်သီး တစ်သေတ္တာ ၂၀ ပိဿာလျှင် ကားခ ကျပ် ၁၀၀၀ ရှိနေကြောင်း၊ အဆိုပါဒေသများမှ ရန်ကုန်ဘက်သို့ ကုန်ကားအဝင်မှာ ပုံမှန်ရှိသော်လည်း အဆိုပါ ဒေသများသို့တင်ပို့မည့် ကုန်များမှာ ရန်ကုန်တွင် နည်းနေသဖြင့် ကားဂိတ်များတွင် ကုန်ရရေးအတွက် စောင့်ဆိုင်းနေရရာ အနည်းဆုံး သုံးညကြာမြင့်ကြောင်း ကုန်ကားယာဉ်မောင်းတစ်ဦးက ဆိုသည်။

ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ အောက်ခံကုန်တစ်ပိဿာလျှင် ၇၂ ကျပ်ဝန်းကျင်ရှိပြီး ရန်ကုန်မှ တောင်ကြီး၊ အောင်ပန်းဒေသများသို့ ဆန်တစ်အိတ်ကားခ ယခင် ၂၁၀၀ ကျပ်နှုန်းရှိရာမှ ဩဂုတ်လ တတိယပတ်ကုန်တွင် ၁၈၀၀ ကျပ်နှုန်းသာရှိကြောင်း၊ ရန်ကုန်ဘက်မှ ဘားအံသို့ ကုန်တစ်တန်လျှင် ကားခ ၁၅၀၀၀ ကျပ်ရှိပြီး ဘားအံမှ မြဝတီသို့ ကုန်မပါ အလွတ်သွားကြပြီး မြဝတီမှ အပြန် ရန်ကုန်သို့ ၁၂ ဘီး ကုန်ကားတစ်စီးလျှင် ကားခ ခုနစ်သိန်းဝန်းကျင်ရရှိကြောင်း၊ အဆိုပါခရီးများတွင် မိုးတွင်းကာလ လုပ်ငန်းနည်းပါးပြီး ကားခဈေးနည်း၍ အသွားအပြန် ခရီးစဉ်တွင် အကျိုးအမြတ်နှစ်သိန်းခန့်သာ ရရှိကြောင်း ၁၂ ဘီး ကုန်ကားပိုင်ရှင်တစ်ဦးက ဆိုသည်။

ရန်ကုန်-ပုသိမ် ခရီးစဉ်တွင် ပုသိမ်မြို့တွင်း တိုက်ရိုက်ကုန်ချခွင့်ရှိသော ၁၂ ပေကုန်ကားငယ်များ ပြေးဆွဲမှုများလာသကဲ့သို့ ရန်ကုန်-ဘားအံခရီးစဉ်တွင်လည်း ၁၄ ပေ ကုန်ကားငယ်များ ပြေးဆွဲမှုများလာကြောင်း၊ ပုသိမ်နှင့် ဘားအံမြို့များတွင် ကုန်ချိန်းပြောင်း ခေါက်တိုသယ်ယူစရိတ်မရှိသည့် အဆိုပါကုန်ကားငယ်များသည် ကားခနှုန်းများကို ဈေးနှုန်းချ၍ ဆွဲနေသဖြင့် ကားဂိတ်များတွင် ကုန်ရရှိမှုပိုမိုနည်းပါးလာသဖြင့် ကုန်ရှားကာ ကားပုံခြင်းကို ဘားအံဒေသသို့ ကုန်တင်ပို့နေသည့် ကားဂိတ်များတွင် တွေ့ကြုံနေရသည်ဟု ကားဂိတ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

(မောင်စေအောင်)

ပဲခူးမီးရထားခုံးဆင်းတွင် ယာဉ်သုံးစီးဆင့်တိုက်မှုဖြစ်ပွား

ပဲခူး ဩဂုတ် ၂၂

ပဲခူးဘူတာခုံးတံတားအဆင်း ဘူတာ(၃)လမ်းထိပ်တွင် ဩဂုတ် ၂၁ ရက် ညနေ ၄နာရီခွဲက ယာဉ်အမှတ်ဧဃ/---လိုက်ထရပ်ယာဉ်မှာ တစ်ဖက်လမ်းသို့ ရောက်ရှိသွားသဖြင့် ဘူတာခုံးပေါ်မှဆင်းလာသော ယာဉ်အမှတ် 9E/---ဆယ့်နှစ်ဘီးကုန်တင်ယာဉ်နှင့် ပွတ်မိရာမှ နောက်မှပါလာသော ယာဉ်အမှတ် X/---ဟိုင်းလပ်ယာဉ်မှာ အရှိန် မထိန်းနိုင်ဘဲ နောက်မှဝင်တိုက်မိသွားသည်။ အဆိုပါဖြစ်ရပ်တွင် လူများထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် အဆိုပါ ယာဉ်များမှာလည်း ထိခိုက်ပျက်စီးမှု အနည်းငယ်သာရှိပြီး ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ **ဌေးနိုင်(ပဲခူး)**

ကောလင်းမြို့၌ တရားမဝင်သယ်ဆောင်လာသည့် ကျွဲထီး ၂၆ ကောင် သိမ်းဆည်းရမိ

ကောလင်း ဩဂုတ် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် တောင်ကြားရွာ၌ ဩဂုတ် ၁၄ ရက်က ကျွဲများ သယ်ဆောင်လာကြောင်း သတင်းရရှိ၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒု-ဦးစီးမှူး ဦးယောမင်းထွန်း၊ ချောင်းနားရဲစခန်းမှ ရဲအုပ်ဇော်ဝင်းနှင့်အဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးအောင်ကိုလတ်တို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းရရှိသည့် ကျေးရွာသို့ သွားရောက်ဖမ်းဆီးခဲ့ရာ သယ်ဆောင်လာသူများမှာ ထွက်ပြေးလွတ်မြောက်သွားပြီး ကျန်ရှိနေသည့် သက်သေခံကျွဲထီး ၂၆ ကောင်အား သိမ်းဆည်းရမိသည်။ ကျွဲများကို တရားမဝင် သယ်ဆောင်လာသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေးအတွက် ကောလင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုကိုမောင်(iprd)

တောင်ငူတွင် မိုဘိုင်းဖုန်းဆိုင်ဝန်ထမ်းတစ်ဦးမှ ငွေဖြည့်ကတ်ကျပ်သိန်း ၂၀ ကျော်ဖိုးခိုးယူ

တောင်ငူ ဩဂုတ် ၂၂

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မိုဘိုင်းဖုန်း လက်လီလက်ကား အရောင်းဆိုင်ရှိ ကြိုတင်ငွေဖြည့်ကတ် အရောင်းတာဝန်ခံ ဝန်ထမ်းတစ်ဦးမှ ဆိုင်ရှိ ဖုန်းငွေဖြည့်ကတ် ၂၅၀၊ တန်ကြေးကျပ် သိန်း ၂၀ဖိုးခိုးယူမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဩဂုတ် ၁၈ ရက်က တောင်ငူမြို့ အမှတ် (၁၇)ရပ်ကွက် ကုန်သည်ကြီးလမ်းပေါ်ရှိ ဝင်းကမ္ဘာမိုဘိုင်းဖုန်း လက်လီလက်ကားအရောင်းဆိုင် ပိုင်ရှင်ဖြစ်သူသည် ညီတစ်ဝမ်းကွဲတော်စပ်သူမှ GSM ၁၀၀၀၀ ကျပ်တန် ငွေဖြည့်ကတ်နှင့် ၅၀၀၀ ကျပ်တန် ငွေဖြည့်ကတ်များ ကုမ္ပဏီပေါက်ဈေးထက်သက်သာ၍ ဝယ်ထားကြောင်း ပြောသဖြင့် ၎င်းငွေဖြည့်ကတ်များအား တောင်းယူကြည့်ရှုရာ ၎င်းဆိုင်မှ ပျောက်ဆုံးနေသော elite company မှ ဝယ်ယူထားသည့် ငွေဖြည့်ကတ် Serial-No နံပါတ်များဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိခဲ့၍ တောင်ငူမြို့မရဲစခန်းမှ ကတ် ၈၀ တန်ဖိုးကျပ် ခုနစ်သိန်းအား သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ယင်းမိုဘိုင်းဆိုင်မှ ငွေဖြည့်ကတ် အရောင်းဝန်ထမ်း မခိုင်ယုမွန် (၃၃) နှစ် တစ်ဆင့်ပြန်ရောင်းချပေးသူ မမီးမီး(ခ)မစုစုလှိုင် (၃၅)နှစ်တို့အား ခေါ်ယူစစ်ဆေးရာ ဝန်ခံထွက်ဆိုထားပြီး ဆက်စပ်တရားခံ နှစ်ဦးအား ရမန်ယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကျော်စွာ(တောင်ငူ)**

မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကြမ်း

မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း
သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကြမ်း

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၆ ခုနှစ်၊ လ ရက်
(၂၀၁၄ ခုနှစ်၊ လ ရက်)

နိဒါန်း

ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းခဲ့သည့် ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေပါ ပြည်တွင်းရေကြောင်းတွင် သယ်ယူပို့ဆောင်သည့် ရေယာဉ်များကို သော်လည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတွင် သယ်ယူပို့ဆောင်သည့် ရေယာဉ်များကို သော်လည်းကောင်း ပို့ဆောင်ရေးဝန်ကြီးဌာနက စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုပြီး စီမံခန့်ခွဲနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်-

အခန်း (၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **မြန်မာ့ကမ်းရိုးတန်း** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ရေပြင်နယ်နိမိတ်အတွင်းရှိ ကမ်းရိုးတန်းကိုဆိုသည်။

(ဂ) **ပြည်တွင်းရေကြောင်း** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ရေယာဉ်များ ခုတ်မောင်းသွားလာနိုင်သော မြစ်၊ ချောင်း၊ ကန်၊ တူးမြောင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော အခြားရေလမ်းတစ်ခုခုကိုဆိုသည်။

(ဃ) **ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း**ဆိုသည်မှာခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည် နှစ်မျိုးလုံးကိုဖြစ်စေ ငှားရမ်းခ သို့မဟုတ် အကျိုးခံစားခွင့် တစ်ခုခုအတွက် သော်လည်းကောင်း၊ ကုန်သွယ်မှု သို့မဟုတ် စီးပွားရေးကိစ္စတစ်ခုခုအတွက် သော်လည်းကောင်း ရေကြောင်းဖြင့် ဆိပ်ကမ်းတစ်ခုမှတစ်ခုသို့ဖြစ်စေ၊ နေရာတစ်ခုမှတစ်ခုသို့ဖြစ်စေ ရေယာဉ်ကို အသုံးပြု၍ သယ်ယူပို့ဆောင်ရေး ဆောင်ရွက်သော လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် မြန်မာ့ကမ်းရိုးတန်း၌ဖြစ်စေ၊ ပြည်တွင်းရေကြောင်း၌ဖြစ်စေ စီးပွားရေးအလို့ငှာ ရေယာဉ်ဖြင့် လုပ်ကိုင်သောလုပ်ငန်းတစ်ခုခုလည်း ပါဝင်သည်။

(င) **ရေယာဉ်** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းအလို့ငှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည် နှစ်မျိုးလုံးကိုဖြစ်စေ ရေကြောင်း၌ သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသော စက်ရှိရေယာဉ် သို့မဟုတ် စက်မဲ့ရေယာဉ် တစ်မျိုးမျိုးကိုဆိုသည်။

(စ) **ကြီးကြပ်ရေးဗဟိုအဖွဲ့**ဆိုသည်မှာ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးဗဟိုအဖွဲ့ကိုဆိုသည်။

(ဆ) **ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့**ဆိုသည်မှာ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးဗဟိုအဖွဲ့က လွှဲအပ်သည့် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်ရန်နှင့် မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ကြီးကြပ်နိုင်ရန် ဤဥပဒေအရ လိုအပ်သော တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များတွင် ဖွဲ့စည်းပေးသော ဒေသဆိုင်ရာ အဖွဲ့များကိုဆိုသည်။

(ဇ) **လုပ်ငန်းလိုင်စင်**ဆိုသည်မှာမြန်မာ့ကမ်းရိုးတန်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် သော်လည်းကောင်း၊ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် သော်လည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှစ်မျိုးလုံးအတွက် သော်လည်းကောင်း လုပ်ကိုင်သည့် ရေယာဉ်အသင်းအဖွဲ့ သို့မဟုတ် ရေယာဉ်အတွက် ကြီးကြပ်ရေးဗဟိုအဖွဲ့ သို့မဟုတ် ကြီးကြပ်ရေးဗဟိုအဖွဲ့က လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် အဖွဲ့အစည်းက ထုတ်ပေးသည့် ခွင့်ပြုချက်ကိုဆိုသည်။

(ဈ) **ပို့ဆောင်ရေးဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပို့ဆောင်ရေးဝန်ကြီးဌာနကိုဆိုသည်။

(ည) **ဦးစီးဌာန** ဆိုသည်မှာ ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

အခန်း (၂)
ကြီးကြပ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

၃။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ကြီးကြပ်ရန်နှင့် ဤဥပဒေအရ အပ်နှင်းသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းမှ သင့်လျော်သော ပုဂ္ဂိုလ်များ ပါဝင်သည့် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးဗဟိုအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းရမည်။

၄။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၃ အရ ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တစ်ပါတည်း သတ်မှတ်ပေးရမည်။ လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကိုလည်း သတ်မှတ်ပေးနိုင်သည်။

(ခ) ဖွဲ့စည်းထားသော မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးဗဟိုအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် အဖွဲ့ဝင် တစ်ဦးဦးကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အစားထိုး ခန့်ထားခြင်း ပြုနိုင်သည်။

အခန်း (၃)
ကြီးကြပ်ရေးဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ကြီးကြပ်ရေးဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ အိမ်နီးချင်းနိုင်ငံများနှင့် သော်လည်းကောင်း၊ ဒေသတွင်းဖွဲ့စည်းထားသည့် အဖွဲ့အစည်း များနှင့်သော်လည်းကောင်း ချုပ်ဆိုထားသော သဘောတူစာချုပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) မြန်မာ့ကမ်းရိုးတန်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် သော်လည်းကောင်း၊ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် သော်လည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း နှစ်မျိုးလုံးအတွက်သော်လည်ကောင်း လုပ်ငန်းလိုင်စင် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ သက်ဆိုင်သည့် ခရီးစဉ်နှင့်နယ်မြေအတွက် လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခြင်း၊ အသစ်လဲခြင်း၊ လုပ်ငန်းပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း၊ ကာလသတ်မှတ်၍ လုပ်ငန်းလိုင်စင် ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်းနှင့် အခကြေးငွေများ စည်းကြပ်ကောက်ခံခြင်း၊

(ဂ) ပုဒ်မခွဲ(ခ)ပါ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များသို့ လွှဲအပ်ခြင်း၊

(ဃ) လုပ်ငန်းလိုင်စင်စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(င) လုပ်ငန်းလိုင်စင် ထုတ်ပေးထားသည့် ရေယာဉ်ကို ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းအတွက် စိစစ်ပြီး ခွင့်ပြုချက် ထုတ်ပေးခြင်း၊

(စ) ကြီးကြပ်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် အထောက်အကူပြုရန် ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ ရုံးအဖွဲ့ကို ဖွဲ့စည်းပြီး လိုအပ်သည့်အရာထမ်းအမှုထမ်းများခန့်အပ်တာဝန်ပေးခြင်း၊

(ဆ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရေယာဉ်များကို ရပ်တန့်၍ ဝင်ရောက်စစ်ဆေးခြင်းနှင့် လိုအပ်သည့်စာရွက်စာတမ်းအထောက်အထား စသည်တို့ကိုရှာဖွေသိမ်းဆည်းခြင်း၊

(ဇ) ဤဥပဒေနှင့် ဤဥပဒေအရ ပြုသည့်နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်သော ရေယာဉ်အသင်းအဖွဲ့တို့အား တားဆီးခြင်းနှင့် ရေယာဉ်အား ယာယီထိန်းသိမ်းခြင်း၊

(ဈ) မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းနှင့် စပ်လျဉ်း၍ပို့ဆောင်ရေးဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သည့်တာဝန်နှင့် လုပ်ပိုင်ခွင့်များ ကျင့်သုံးဆောင်ရွက်ခြင်း။

၆။ ကြီးကြပ်ရေးဗဟိုအဖွဲ့သည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါက ဦးစီးဌာနကိုသော်လည်းကောင်း၊ ကြီးကြပ်ရေးဗဟိုအဖွဲ့ဝင်များအား အဖွဲ့ဖွဲ့စည်း၍သော်လည်းကောင်း၊ အဖွဲ့ဝင် တစ်ဦးဦးကိုသော်လည်းကောင်း လွှဲအပ်တာဝန်ပေးနိုင်သည်။

၇။ ကြီးကြပ်ရေးဗဟိုအဖွဲ့က မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် အဖွဲ့ဝင် တစ်ဦးဦး၏ ရာထူးလစ်လပ်ခြင်းကြောင့် သော်လည်းကောင်း၊ အဖွဲ့ဝင်တစ်ဦးဦး အလုပ်ဝတ္တရား မဆောင်ရွက်နိုင်ခြင်းကြောင့် သော်လည်းကောင်း၊ အဖွဲ့ဝင်တစ်ဦးဦးအား ခန့်ထားရာတွင် ချို့ယွင်းချက်တစ်ခုခုရှိခြင်းကြောင့် သော်လည်းကောင်း ပျက်ပြယ်ခြင်း မရှိစေရ။

စာမျက်နှာ ၁၆ သို့







ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/9037၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

စာမျက်နှာ ၁၅ မှ

အခန်း (၄)

ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၈။ ကြီးကြပ်ရေးဗဟိုအဖွဲ့သည် လိုအပ်သော တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များတွင် မိမိကလွှဲအပ်သည့် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်ရန်နှင့် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကိုကြီးကြပ်နိုင်ရန် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်ညှိနှိုင်းပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများမှ သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းနိုင်သည်။

၉။ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များသည်ကြီးကြပ်ရေးဗဟိုအဖွဲ့က အခါအားလျော်စွာ လွှဲအပ်သည့်လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၁၀။ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များသည် မိမိတို့ဆောင်ရွက်သည့် တာဝန်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ရေးဗဟိုအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံရမည်။

အခန်း (၅)

မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း

သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်

၁၁။ မြန်မာ့ကမ်းရိုးတန်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်သော်လည်းကောင်း၊ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်သော်လည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း နှစ်မျိုးလုံးအတွက်သော်လည်းကောင်း လုပ်ကိုင်လိုသူသည် ကြီးကြပ်ရေးဗဟိုအဖွဲ့ သို့မဟုတ် ကြီးကြပ်ရေးဗဟိုအဖွဲ့က အခွင့်အာဏာလွှဲအပ်ခြင်းခံရသည့် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့် အညီ လုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်အသင်းအဖွဲ့ သို့မဟုတ် ရေယာဉ်အတွက်လုပ်ငန်းလိုင်စင် လျှောက်ထားရမည်။

၁၂။ ဤဥပဒေအာဏာတည်သည့်နေ့ရက်တွင် မြန်မာ့ကမ်းရိုးတန်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ၁၉၅၄ ခုနှစ်၊ သင်္ဘောသွားလာမှု အုပ်ချုပ်ရေးအက်ဥပဒေအရ လိုင်စင်ဖြင့် လုပ်ကိုင်နေသူသည်လည်းကောင်း၊ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေအရလိုင်စင်ဖြင့်လုပ်ကိုင်နေသူသည် လည်းကောင်း အဆိုပါ လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုပါက သတ်မှတ်ပေးသည့် ကာလအတွင်းပုဒ်မ ၁၁ နှင့်အညီ လုပ်ငန်းလိုင်စင်လျှောက်ထားရမည်။ ထိုသို့လုပ်ငန်းလိုင်စင်လျှောက်ထားဆဲကာလအတွင်း ထိုသူသည် အဆိုပါလုပ်ငန်းကို ဆက်လက်၍လုပ်ကိုင်နိုင်ခွင့်ရှိစေရမည်။

၁၃။ ကြီးကြပ်ရေးဗဟိုအဖွဲ့ သို့မဟုတ် ကြီးကြပ်ရေးဗဟိုအဖွဲ့က အခွင့်အာဏာလွှဲအပ်ခြင်းခံရသည့် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များသည် ပုဒ်မ ၁၁ နှင့် ၁၂ တို့အရ လျှောက်ထားချက်ကို စိစစ်ပြီးစည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၄။ လုပ်ငန်းလိုင်စင်ရရှိသူ သို့မဟုတ် အသင်းအဖွဲ့သည် -

(က) သတ်မှတ်ထားသော လုပ်ငန်းလိုင်စင်ခကို ကြီးကြပ်ရေးဗဟိုအဖွဲ့ သို့မဟုတ် သက်ဆိုင်သည့်ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သို့ ပေးသွင်းရမည်၊

(ခ) လုပ်ငန်းလိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်၊

(ဂ) လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးပြီးနောက် ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဆက်လက်၍လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၅။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်အကျိုးစီးပွားအလို့ငှာ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်သော အစိုးရဌာန၊ အဖွဲ့အစည်းပိုင်ရေယာဉ်များကို ဤဥပဒေအရ လုပ်ငန်းလိုင်စင်ရယူခြင်းကိုဖြစ်စေ၊ လုပ်ငန်းလိုင်စင်ကြေးကိုဖြစ်စေ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကင်းလွတ်ခွင့်ပြုနိုင်သည်။

အခန်း (၆)

ကြီးကြပ်ရေးဗဟိုအဖွဲ့၏ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်

၁၆။ ကြီးကြပ်ရေးဗဟိုအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုကို ဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများ သို့မဟုတ် အမိန့်တစ်ခုခုကိုဖြစ်စေ၊ လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်သော သို့မဟုတ် လိုက်နာရန်ပျက်ကွက်သော လုပ်ငန်းလိုင်စင်ရရှိထားသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးပြီး သတ်မှတ်သော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) လုပ်ငန်းလိုင်စင်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း၊

(ဂ) လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်း။

အခန်း (၇)

အယူခံခြင်း

၁၇။ ကြီးကြပ်ရေးဗဟိုအဖွဲ့က ပုဒ်မ ၁၆ အရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုအမိန့်ချမှတ်သည်ကို သိရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပို့ဆောင်ရေးဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၁၈။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် ပုဒ်မ ၁၇ အရ အယူခံမှုကို စိစစ်ပြီး ကြီးကြပ်ရေးဗဟိုအဖွဲ့၏အမိန့်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

အခန်း (၈)

တားမြစ်ချက်များ

၁၉။ မည်သူမျှလုပ်ငန်းလိုင်စင်မရှိဘဲ ရေယာဉ်ဖြင့် မြန်မာ့ကမ်းရိုးတန်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကိုဖြစ်စေ၊ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကိုဖြစ်စေ၊ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း နှစ်မျိုးလုံးကိုဖြစ်စေ လုပ်ကိုင်ခြင်း မပြုရ သို့မဟုတ် လုပ်ကိုင်စေခြင်းမပြုရ။

၂၀။ မည်သူမျှ လုပ်ငန်းလိုင်စင်ကို ဖြစ်စေ၊ လုပ်ငန်းလိုင်စင်ထုတ်ပေးထားသည့် ရေယာဉ်ကိုဖြစ်စေ ရောင်းချခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုရာတွင် ကြီးကြပ်ရေးဗဟိုအဖွဲ့၏ ခွင့်ပြုချက်ရယူရန် ပျက်ကွက်ခြင်း မရှိစေရ။

အခန်း (၉)

ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၁။ (က) မည်သူမဆို ပုဒ်မ ၁၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် ၆ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံးကျပ် တစ်သိန်းမှ အများဆုံး ကျပ် ငါးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

(ခ) တရားရုံးသည် ပုဒ်မခွဲ (က) အရ ပြစ်မှုထင်ရှားစီရင်ရာ၌ လုပ်ငန်းလိုင်စင်မရှိဘဲ ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သော သက်သေခံပစ္စည်းအဖြစ် ဖမ်းဆီးထားသည့် ရေယာဉ်ကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

၂၂။ မည်သူမဆို ပုဒ်မ ၂၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ် ငါးသောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ချမှတ်ခြင်းခံရမည်။

၂၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေ သို့မဟုတ် အမိန့်ပါတားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ချမှတ်ခြင်းခံရမည်။

အခန်း (၁၀)

အထွေထွေ

၂၄။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် လုပ်ငန်းလိုင်စင်ကြေး၊ လုပ်ငန်းလိုင်စင်သက်တမ်း၊ လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးနှင့် အခြားအခကြေးငွေများကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားရမည်။

၂၅။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့ထားသော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံး ရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ရမည်။

၂၆။ ဤဥပဒေပုဒ်မ ၁၉ ပါ တားမြစ်ချက်သည် ဖျားနာသော သို့မဟုတ် ဒဏ်ရာရသောသူများအား သယ်ဆောင်ခြင်း၊ ဘေးဒုက္ခမှကယ်ဆယ်ရန် အစားအစာ၊ ဝတ္ထုပစ္စည်း သို့မဟုတ် ဆေးဝါးများသယ်ယူပို့ဆောင်ခြင်းနှင့် အရေးတကြီး လိုအပ်သောကိစ္စများတွင် ရေယာဉ်ကိုအသုံးပြုခြင်း စသည်တို့နှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၇။ ကြီးကြပ်ရေးဗဟိုအဖွဲ့နှင့် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များသည် ဤဥပဒေအရ ရရန်ရှိသော အခကြေးငွေများနှင့် ဒဏ်ကြေးများအား ပေးဆောင်ရန်ပျက်ကွက်သည့် ကြွေးကျန်များကို ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရ ကောက်ခံရမည်။

၂၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကြီးကြပ်ရေးဗဟိုအဖွဲ့ဝင်နှင့် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့ဝင်များသည် ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၂၉။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ကြီးကြပ်ရေးဗဟိုအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၃၀။ ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ဤဥပဒေအရသာလျှင် ဆောင်ရွက်ရမည်။

၃၁။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပို့ဆောင်ရေးဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ကြီးကြပ်ရေးဗဟိုအဖွဲ့တို့က လည်းကောင်း၊ ဦးစီးဌာနက လည်းကောင်း လိုအပ်သောလုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၃၂။ ၁၉၅၄ ခုနှစ်၊ သင်္ဘောသွားလာမှု အုပ်ချုပ်ရေးအက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

အများပြည်သူလေ့လာသိရှိအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၃၅)၊ ပထမထပ်၊ ခြေရင်းခန်း၊ အကျယ်အဝန်း(၁၂½'×၅၀')တိုက်ခန်းနှင့်ပတ်သက်၍ တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် အိမ်ငှားဖြစ်သူ ဒေါ်နှင်းနန္ဒာလွင်၊ ဦးမင်းမြင့်စိုးတို့အား သိစေရန်ကြေညာချက်

အထက်ဖော်ပြပါ တိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေက တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ဥပဒေနှင့်အညီ တိုက်ခန်းကို လက်ဝယ်ရရှိထားသူလည်း ဖြစ်ပါသည်။ ထိုတိုက်ခန်းအား ၁၇-၅-၂၀၁၄ ရက်တွင် (၆)လငှားရမ်းစာချုပ်ဖြင့် ငှားရမ်းနေထိုင်သူ ဒေါ်နှင်းနန္ဒာလွင်နှင့် ဦးမင်းမြင့်စိုးတို့က တိုက်ခန်းပိုင်ဆိုင်သူ ကျွန်ုပ်၏မိတ်ဆွေမသိရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးချစ်**(LL.B)**
ဥပဒေအကြံပေးနှင့် ဥပဒေအကျိုးဆောင်
ရွှေစံမြတ်အထွေထွေဝန်ဆောင်မှုလုပ်ငန်း
အမှတ်(၃၁)၊ မြေညီ၊ (၉)လမ်း၊ လမ်းမတော်မြို့နယ်။
Ph:01-227500, 09-5107547

အမည်ပြောင်း ဦးငြိမ်းဝေ၏သား စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကသာမြို့၊ အမှတ်(၁)၊ အခြေခံ ပညာအထက်တန်းကျောင်းခွဲ၊ စတုတ္ထတန်းကျောင်းသား မောင်ဇော်ဆိုင်းနန်အား မောင်ဇော်မိုင်အောင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ မောင်ဇော်မိုင်အောင်

Vinyl Japan
စက်ရောင်းမည်
လက်ရှိအသုံးပြုနေသော
Mutoh 2606 8 ပေစက်
Mutoh 1604 5 ပေစက်
ဖုန်း-၀၉၃၁၄၈၀၈၀၇

ငါး၊ ပုစွန် အမိအရနည်းသော်လည်း အင်းနှင့် ပိုက်ချက် လုပ်ငန်းများအမြတ်ရနိုင်ဟု ကျွမ်းကျင်သူများသုံးသပ်

ဖျာပုံ၊ ဩဂုတ် ၂၂

တန်ဆောင်မုန်းလကျော်လျှင် ပုစွန်ရှား၍အင်းနှင့်ပိုက်ချက်လုပ်သူများအားလုံးတန်ဆောင်မုန်းလတွင် အရင်းကျေနိုင်ကြောင်း၊ လုပ်ကိုင်ခွင့်ကျန်သည့်လေးလတွင် ငါးမျိုးစုံ အမိအရများပြီး ပုစွန်အနည်းငယ်သာရနိုင်မည်ဖြစ်သော်လည်း နှစ်ချုပ်စာရင်းတွင် ယခုနှစ်အင်းနှင့်ပိုက်ချက် လုပ်ကိုင်သူများ စီးပွားရေးအရ တွက်ခြေကိုက် အကျိုးရှိမည်ဖြစ် ကြောင်း ဈေးကွက်ကျွမ်းကျင်သူများ၊ ဒေသခံအင်းနှင့်ပိုက်ချက်လုပ်ငန်းကျွမ်းကျင်ပြီးအတွေ့အကြုံရှိသူများက သုံးသပ် ပြောဆိုကြသည်။

အသားဈေးနှုန်းများထက် ငါး၊ ပုစွန်များ ဈေးနှုန်းမြင့်မားနေသည်မှာ ငါးနှစ်ခန့်ရှိပြီဖြစ်သည်။ အင်းနှင့် ပိုက်ချက်လုပ်ငန်းများ၏ လေလံရောင်းဈေးမှာလည်း နှစ်စဉ်ကြမ်းခင်းဈေး (ငါးလုပ်ငန်းဦးစီးဌာန ရောင်းဈေး) တိုးမြှင့်သတ်မှတ်ခဲ့သည်။ အင်းနှင့်ပိုက်ချက်ဝယ်သူများကလည်း နှစ်စဉ်ရှိနေသည်။ အချို့တစ်ဆင့် အမြတ်ပေးဝယ်ယူလုပ်ကိုင်သူတွေကလည်း စီးပွားရေးအရလည်းကောင်း၊ မခံချင်စိတ် (စီးပွားပြိုင်) အရလည်းကောင်း ဝယ်ယူလုပ်ကိုင်လျက်ရှိကြသည်။

"ပြီးခဲ့တဲ့ရေထရက်မှာ ပုစွန်ဘော့ချိတ်၊ ပုစွန်ပဲနပြားများနဲ့ ကကတစ်ငါး၊ ကသပိုးငါး၊ ငါးပြတ်တို့ အမိအရများပါတယ်။ ပုစွန်ဈေးကလည်းကောင်းသလို ငါးဈေးကလည်းကောင်းတယ်၊ အမိအရများတယ်ဆိုပေမယ့် ယခင်နှစ်တွေကိုတော့ မမီပါဘူး။ ပိုက်ချက်လုပ်ကိုင်ခွင့် သက်တမ်းငါးလကျော်အတွင်း ယခင်နှစ်ကလောက် ကုန်ရမှု မရှိပေမယ့် ဈေးနှုန်းက ယခင်နှစ်ကထက် တစ်ဆကျော် ပိုမိုရရှိခဲ့တဲ့အတွက် ပိုက်ချက်ဝယ်ယူရတဲ့ဈေးကျေသလောက်ဖြစ်နေပြီ" ဟု မြို့ကုန်းကျေးရွာအနီး ရေကျော်တိုပိုက်ချက်ကို တစ်ဆင့်ဝယ်ယူလုပ်ကိုင်သူတစ်ဦးက ပြောသည်။

ငါးဈေးကွက်တွင် ငါးပြတ်ငါးမှာ ယခင်နှစ်များကထက် ဈေးကောင်းရလျက်ရှိသည်။

"ပုစွန်နည်းပါး လူကြိုက်များတဲ့ ကကတစ်ငါးကလည်းဈေးကောင်းပေးဝယ်ရသလို ပြန်ရောင်းရာမှာလည်း မျက်နှာပန်းလှပါတယ်။ ဒီနေ့ ဩဂုတ် ၂၁ ရက်မှာ ကကတစ်ငါး တစ်ပိဿာရောင်းဈေး အသေးကျပ် ၄၅၀၀ နဲ့ အကောင်ကြီးကျပ် ၉၀၀၀ အထိရောင်းရပါတယ်။ ကသပိုးနှင့် ငါးပြတ်တို့ကလည်း ကျပ် ၄၅၀၀ အောက်မဆင်းဘူး"ဟု ၎င်းကပြောသည်။

အောင်ဝင်း(ဖျာပုံ)

ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ တွန်းဇံမြို့တွင် မိုးပွင့်အဆင့်(၆)စီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

တွန်းဇံ၊ ဩဂုတ် ၂၂

ချင်းပြည်နယ် ဖလမ်းခရိုင်၊ တွန်းဇံမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဩဂုတ် ၁၄ ရက်က တွန်းဇံမြို့ ခေါဝုန်လေးဆန်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးမောင်းမာန်နှင့်ဝန်ထမ်းများက နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အလှူရှင် တွန်းဇံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟောက်ခန့်မန်၏ ထောက်ပံ့ကူညီမှုဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ပြုလုပ်ပေးနေမှုများကို တွန်းဇံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွေး၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များက ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယခုကဲ့သို့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအနေဖြင့် ရပ်ကွက်နှင့် ကျေးရွာအရောက် မှတ်ပုံတင်ကတ်ပြားများလာရောက်ပြုလုပ်ပေးသဖြင့် ဒေသခံ ရပ်ကွက်နေပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

နိုဟောဆာ

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုကျင်းပ

မြင်းမူ၊ ဩဂုတ် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနား ကို ဩဂုတ် ၂၀ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာနခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ကြီးက အာဟာရပြည့်ဝစေရန် သံဓာတ်ဆေးပြားများ၊ ဗီတာမင်အေဆေးပြားများ ပုံမှန်သောက်သုံးကာ မိခင်ဘဝဖြစ်လာသည်နှင့်အမျှ မွေးဖွားလာမည့်ကလေးငယ်များ ကျန်းမာသန်စွမ်းပြီး အာဟာရပြည့်ဝသော၊ ဉာဏ်ရည်မြင့်မားသော ကလေးငယ်များ ပိုင်ဆိုင်လာမည်ဖြစ်ကြောင်း၊ ကလေးငယ်များကိုလည်း ငါးနှစ်အထိ ဗီတာမင်အေဆေးနှင့် သံချဆေးများ တိုက်ကျွေးကြရမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းနိုင်တို့က ငါးနှစ်အောက်ကလေးငယ်များအား ဗီတာမင်အေဆေးလုံးနှင့် သံချဆေးများ တိုက်ကျွေးကြပြီး ကိုယ်ဝန်ဆောင်မိခင်များအား ဗီတာမင်အေဆေးပြား၊ သံဓာတ်ဆေးပြားနှင့် အိုင်အိုဒင်းဆားတို့ကို ပေးအပ်သည်။

ဆက်လက်ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် တာဝန်ရှိသူများက မြို့နယ်အာဟာရဖွံ့ဖြိုးရေး လှုပ်ရှားမှု စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများနှင့် မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ဆုရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ငါးနှစ်အောက်ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအတွက် အာဟာရမျှတသည့် အစားအစာများ ပြင်ဆင်ပြသပြီး ကျွေးမွေးခဲ့ကြသည်။ အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အောင်စိုးဖေ(ပြန်/ဆက်)

အထက်တန်းကျောင်းဆောက်လုပ်မည့်မြေနေရာ ဖော်ထုတ်ရှင်းလင်း

ကလေး၊ ဩဂုတ် ၂၂

ကလေးခရိုင်၊ ကလေးမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းသည်၂၀၁၄ ခုနှစ် ဇွန် ၂ ရက်တွင် နိုင်ငံတော်အစိုးရမှစတင်ဖွင့်လှစ်ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး ယခုအချိန်၌ ကလေးမြို့တွင် အခြေခံပညာအထက်တန်းကျောင်းငါးကျောင်း ရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျောင်းအား ဆောက်လုပ်ရန်အတွက် ကလေးမြို့ သဇင်ရပ်ကွက် ယုဒသန်လမ်းရှိ မြေနေရာ ငါးဧကအတွင်းတွင် အလျား ၂၇၃ ပေ၊ အနံ ၁၃၇ ပေ၊ အမြင့် ၂၃ ပေရှိ အာစီနှစ်ထပ်ကျောင်းဆောင်၊ အလျား ၂၁၂ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၂ ပေရှိအာစီတစ်ထပ်ကျောင်းဆောင်၊ အလျား ၁၂၀ ပေ၊ အနံ ၃၀ ပေရှိ အာစီတစ်ထပ်ဝန်ထမ်းအိမ်ရာနှင့် အလျား ၄၀ ပေ၊ အနံ ၄၀ ပေရှိ အာစီတစ်ထပ် ကျောင်းအုပ်အိမ်ရာများ ဆောက်လုပ်နိုင်ရန် မြေနေရာကို စက်ယန္တရားကြီးများဖြင့် ဖော်ထုတ်ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ယင်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးသာအေး၏ လမ်းညွှန်မှုကိုခံယူကာ ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ကလေးမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူးနှင့်တာဝန်ရှိသူများ၊ သဇင်ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဂျိုးနက်







ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၁)၊ မြေကွက်အမှတ်(၁၄၆)၊ မြေကွက်တည်နေရာအမှတ်(၁၄၆)၊ သုဇနလမ်း၊ (၁၄/၁)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဒေါ်ဂျန်မော်ထု) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ဂျန်မော်ထုကို(တရားပြိုင်)ထားကာ ဒေါ်ခင်အေး(တရားလို)မှ စွဲဆိုသော တောင်ဥက္ကလာပမြို့နယ် တရားရုံးတရားမမှု အမှတ်-၃၆/၁၄၏ စီရင်ချက်ဇာရီမှုအမှတ်-၃၂/၁၄၏ အမိန့်နှင့် ၇-၇-၂၀၁၄ရက် ရက်စွဲပါဘီလစ်ခန့်စာတို့ကို တင်ပြပြီးတရားရုံး(ကိုယ်စား) ဘီလစ်ဒေါ်နန့်ဆန်းသိန်း [၁၂/မရက(နိုင်)၀၄၇၆၁၆]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ကယ်ရီပြေးဆွဲမှုများ တွင်ကျယ်လာခြင်းကြောင့် မြင်းလှည်းများ ကွယ်ပျောက်လာ

ရေတာရှည် ဩဂုတ် ၂၂

ခရီးသည် ပို့ဆောင်ရေးတွင် မြန်မြန်ဆန်ဆန် သွားလာနိုင်သော ဆိုင်ကယ်ကယ်ရီများ၊ ထော်လာဂျီယာဉ်များ၊ သုံးဘီးဆိုင်ကယ်များ အသုံးပြုမှု တွင်ကျယ်လာသည့်နောက်ပိုင်း မြင်းလှည်းစီးနင်းသူ နည်းပါးလာပြီး ယခုအခါကွယ်ပျောက်လုနီးသွားပြီဖြစ်သည်။ ယခင်ကနေရာဒေသအနှံ့အပြားတွင် အသုံးပြုပြေးဆွဲခဲ့ကြသည့် မြင်းလှည်းများကို ကိုယ့်ဖောက်သည်နှင့်ကို အားထားအသုံးပြုခဲ့ကြပြီး ပြောင်းလည်းလာသည့် ခရီးသည်ပို့ဆောင်ရေးကဏ္ဍတွင် စက်တပ်ယာဉ်များ အလွယ်တကူစီးနင်းသွားလာနိုင်ကြသည့်အတွက် မြင်းလှည်းယာဉ်အသုံးပြုမှုမှာ မှေးမှိန်လာခဲ့ခြင်းဖြစ်ကြောင်း မြင်းလှည်းမောင်းသူတစ်ဦးက ပြောပြသည်။ "ကိုယ့်မိဘတွေ လက်ထက်ကတည်းက မြင်းလှည်းထောင်စားလာတာဆိုတော့ ဝါသနာကရှိနေသေးတယ် မနက်မိုးလင်းတာနဲ့ လှည်းကောက်ပြီး မြို့ဈေးကို မောင်းတော့တာပဲ အချို့လည်း စီးကြပါသေးတယ် ဒါပေမယ့် အရင်တုန်းကလောက် ဝင်ငွေမကောင်းတော့ဘူး"ဟု အထက်ပါ မြင်းလှည်း မောင်းသူတစ်ဦးက ဆက်၍ ပြောကြားသည်။

ကိုလွင်(ဆွာ)

ယာဉ်အန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းပညာပေး

ကသာ၊ ဩဂုတ် ၂၂

ကသာခရိုင်၊ ကသာမြို့တွင် ဩဂုတ် ၂၀ ရက်က ယာဉ်/လမ်းစည်းကမ်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များသည် ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ကွင်းဆင်း၍ ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ယာဉ်၊လမ်းစည်းကမ်း ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများက ကသာမြို့ပေါ်ရှိ ရပ်ကွက်များနှင့် ဈေးအနီးတွင် Mobile စနစ်ဖြင့် စည်းကမ်းမဲ့ မောင်းနှင်လာသော ယာဉ်ပိုင်ရှင်များကို ရပ်တန့်စေပြီး ယာဉ်စည်းကမ်းဥပဒေနှင့်အညီ မောင်းနှင်စေရေး ပညာပေးဟောပြောခြင်းလုပ်ငန်းများ အလေးထားဆောင်ရွက်နေကြောင်း သိရသည်။ ထိုသို့ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက မည်သူမဆိုစည်းကမ်း ဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ယာဉ်စည်းကမ်းဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်သည်။ **မွန်မွန်(ပြန်/ဆက်)**

ဝန်ထမ်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်လှစ်

မြင်းမူ၊ ဩဂုတ် ၂၂

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုတတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များနှင့် ဌာန၏လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများ စွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ ရက်က အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ မြို့နယ်သစ်တောဦးစီးမှူး ဦးစိုင်းမုန့်က အမှာစကား ပြောကြားပြီး သင်တန်းပို့ချခဲ့သည်။

အဆိုပါ မြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းကို မြင်းမူမြို့နယ်အတွင်းရှိ တောအုပ်၊ တောကြပ်၊ တောခေါင်းနှင့် မြို့နယ်ရုံးဝန်ထမ်းများအပါအဝင် သင်တန်းသား ၁၄ ဦး တက်ရောက်ကြပြီး ၎င်းသင်တန်းကို သုံးရက်ကြာသင်ကြားမည်ဖြစ်ကြောင်း သိရသည်။ **ဖိုးခါး**

ဆစ်ပိုးကျရောက်မှု ကြိုတင်ကာကွယ်ရန် တောင်သူပညာပေးဆွေးနွေးပွဲ ရွှေဘိုမြို့နယ်အတွင်း ကျင်းပ

ရွှေဘို၊ ဩဂုတ် ၂၂

တောင်သူများ၏ ကြိုးပမ်းအားထုတ်မှုနှင့် ဝန်ကြီးဌာနပံ့ပိုးကူညီမှုများကြောင့် နိုင်ငံတော်၏တတိယ စပါးကျီအဖြစ် ရောက်ရှိနေပြီဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီးတွင် စပါးစိုက်ဧက ၁၈ သိန်းရှိသည့်အနက် ရွှေဘိုခရိုင်သည် စပါးစိုက်ဧက ရှစ်သိန်းရှိသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုလုံး၏ ၄၅ ရာခိုင်နှုန်းခန့်ကို ဖြည့်ဆည်းပေးလျက်ရှိသည်။ သို့သော် ရာသီဥတုဖောက်ပြန်မှုနှင့် မိုးအလွန်ခေါင်မှုတို့ကြောင့် ယခု ၂၀၁၄ ခုနှစ် မိုးစပါး ရာသီတွင် စပါးတွင်ကျရောက်သော ဆစ်ပိုးမှာ တောင်သူအများစုကို အကြီးအကျယ် ဒုက္ခပေးလျက်ရှိသည်။ အထူးသဖြင့် တောင်သူအများစု စိုက်ပျိုးကြသော မိုးစပါး ရွှေဘိုပေါ်ဆန်းမှာ ဆစ်ပိုး၏ အကြိုက်ဖြစ်နေခြင်းပင် ဖြစ်သည်။ အချိန်မီကာကွယ်ခြင်း မပြုလုပ်နိုင်ပါက ဆစ်ပိုး၏ အန္တရာယ်ကြောင့် စပါးအထွက်နှုန်းမှာ စိုးရိမ်ဖွယ်အဆင့်ထိ ကျရောက်နိုင်ပြီး တောင်သူများနှင့်နိုင်ငံတော်အတွက်ပါ အကျိုးထိခိုက်စေမည်ဖြစ်သည်။

ထို့ကြောင့် အထက်ပါ အခက်အခဲများကို ကူညီဖြေရှင်းပေးရန်အတွက် ဩဂုတ် ၂၀ ရက် နံနက် ၁၁ နာရီက ရွှေဘိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်း၊ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ၊ ပိုးမွှားဗေဒဌာနစုတာဝန်ခံ (ရုံးချုပ်) မှ ဒေါက်တာ ခင်ခင်မာလာမြင့်၊ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ညွန့်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဆွေ၊ မြို့နယ်ဦးစီးမှူး ဒေါ်ဇာဇာမင်းနှင့် တာဝန်ရှိသူများသည် ရွှေဘိုမြို့နယ် မင်းကုန်းကျေးရွာအုပ်စု၊ တောင်သူဦးချစ်သန်း၏ ဧက ၁၀၀ အဆင့်မြင့်လယ်ယာဆွေးနွေးရှင်းလင်းဆောင်သို့ ရောက်ရှိလာပြီး ရွှေဘိုမြို့နယ်အတွင်းရှိ ပန်းရုံ၊ သီးလုံး၊ မြင်းချင်း၊ ဇီးကုန်း၊ ဉသျှစ်ကန်၊ ရွာတော်ကျေးရွာတို့မှ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆစ်ပိုး၏ဘဝစက်ဝန်းတွင် ဥဥပြီးသည့်အချိန်မှ လောက်ကောင်၊ ရုပ်ဖုံး၊ ဆစ်ပိုးအဆင့်ဆင့်ဖြစ်သည်အထိ ရက်ပေါင်း ၄၀ ခန့်ကြာပြီး အဆိုပါ ဆစ်ပိုးသည် ၇ ရက်နေပါက တစ်ဖန်ပြန်ပြီး ဥဥမည်ဖြစ်သဖြင့် ပျိုးထောင်ချိန်မှ ရိတ်သိမ်းချိန်အတွင်း ဘဝစက်ဝန်းသုံးကြိမ်ထိ လည်ပတ်နိုင်သည်။ ပိုးသတ်ဆေးကို အလွန်အကျွံသုံးစွဲပါကလည်း စပါး၏အူတိုင်အတွင်းသို့ ရောက်ရှိသွားသော ဆစ်ပိုးများကို သေကြေအောင် ဆောင်ရွက်နိုင်မည် မဟုတ်သည့်အပြင် မိတ်ဖက်ပိုးမွှားများကိုပါ သေစေနိုင်မည်ဖြစ်သဖြင့် ပိုးသတ်ဆေးကို သုံးစွဲမည်ဆိုပါက စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆွေးနွေးပြီး ပင်လုံးပြန့် ပိုးသတ်ဆေးကိုသာ သုံးစွဲသင့်ကြောင်း၊ အဓိကအားဖြင့် စနစ်တကျ ကြိုတင်ကာကွယ်မှသာလျှင် ဆစ်ပိုးကိုအောင်နိုင်မည်ဖြစ်သည်။

စိုက်ခင်းထဲတွင် မီးထောင်ချောက်ထွန်းခြင်း၊ ရိုးပြတ်ကိုမီးရှို့ခြင်း၊ လယ်မြေစိုပါက ထယ်ကို နက်နက်ထိုး၍ ထွန်မွှေပြီး ရိုးပြတ်များကို ရေမြှုပ်ကာ သမန်းပုပ်အောင်ထားခြင်းဖြင့် ဆစ်ပိုးများသေစေမည် ဖြစ်သည်။ ပျိုးခင်းထဲတွင် ဆစ်ပိုးဥများတွေ့ရှိပါက ဖြတ်ထုတ်ပြီး မီးရှို့ခြင်းဖြင့် ဘဝစက်ဝန်းကို ဖြတ်တောက်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပို့ချကြသည်။ ထို့နောက် မီးထောင်ချောက် ထွန်းနည်းကိုလည်း လက်တွေ့သရုပ်ပြခဲ့ကြသည်။ ယင်းနောက် တက်ရောက်လာကြသော တောင်သူများက မရှင်းလင်းသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

၎င်း အခမ်းအနားတွင် ရွှေဘိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်းက လွှတ်တော်မှ လုပ်ပေးနိုင်သော ကိစ္စရပ်များအတွက် တောင်သူများနှင့်ပတ်သက်သော အခက်အခဲများကို တင်ပြပေးမည်ဖြစ်ကြောင်း လိုအပ်သော မေးခွန်းများကိုလည်း လွှတ်တော်၌ မေးမြန်းပေးမည်ဖြစ်ကြောင်းနှင့် အခြားသိမှတ်ဖွယ်ရာများကို ဆွေးနွေးတင်ပြသည်။

ဒုတိယပိုင်း သင်တန်းပို့ချဆွေးနွေးပွဲကို ဒေါက်တာ ခင်ခင်မာလာမြင့်၊ တိုင်းဦးစီးမှူး ဦးခင်မောင်ညွန့်၊ ခရိုင်ဦးစီးမှူး ဦးဆွေတို့က ပို့ချသည်။ ယခုကဲ့သို့သော ဆွေးနွေးပွဲမျိုးကို ယင်းနေ့ ညနေ ၄ နာရီတွင် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် လှတောကျေးရွာ၌ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **(၅၇၂)**

သွေးသည်အသက်

အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

၂၀၁၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၁၇

ဦးဇော်ဦး နှင့် ၁။ ဦးအောင်အောင်ကျော်

(၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးမြင့်စိုးကြည်) ၂။ ဒေါ်တင်တင်ငြိမ်း

၃။ မောင်သန့်ဇင်လင်း

လျှောက်ထားသူ လျှောက်ထားခံရသူများ

လျှောက်ထားခံရသူများ-

၂။ ဒေါ်တင်တင်ငြိမ်း အမှတ်(၂၇/အေ)၊ ၃-လွှာ(ယာ)၊ သီရိလမ်း၊ (၂) ရပ်ကွက်၊ လှိုင်မြို့နယ်နှင့်

၃။ မောင်သန့်ဇင်လင်း အမှတ်(၂၇/အေ)၊ ၃-လွှာ(ယာ)၊ သီရိလမ်း၊ (၂) ရပ်ကွက်၊ လှိုင်မြို့နယ် (ယခုလိပ်စာမသိသူများ) သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူက ဤရုံးသို့ တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်း-၅၈ (၁) အရ ဝရမ်းစွဲကပ်ထားသည်ကို ဆောလျင်စွာ ခွာပေးရန် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်၊ (၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျ ကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၉ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထွန်းအေးမောင်)

ဒုတိယခရိုင်တရားသူကြီး(၆)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ပြင်ဆင်ဖတ်ရှု

၂၀-၈-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာ ကြော်ငြာကဏ္ဍတွင် စာမျက်နှာ (၇)ပါ ကန့်ကွက်ရန်တွင် တောင်ဥက္ကလာပမြို့နယ် မြေတိုင်း(၉)၊ မြေကွက် (၆၇)တွင် ဒေါ်သန်းကြွယ်အစား ဒေါ်သန်းကြည်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၁၇/ရွှေပေါက်ကံ)၊ မြေကွက်အမှတ်(၃၇၁)၊ မြေကွက်တည်နေရာအမှတ် (၃၇၁)၊ နှင်းဆီလမ်း၊ (ဒေါ်ခင်ဌေးမြင့်) [၁၂/စခန(နိုင်)၀၂၅၁၀၈] အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် မိခင် ဒေါ်ခင်ဌေးမြင့်၊ ဖခင် ဦးသန်းထွန်း ကွယ်လွန်သဖြင့် ဒေါ်လှလှဌေး [၁၂/စခန(နိုင်)၀၂၆၃၁၈]၊ ဦးသန်းထွန်းဦး [၁၂/စခန(နိုင်)၀၂၆၄၅၈]၊ ဦးသန်းထွန်းအောင် [၁၂/စခန(နိုင်)၀၅၆၇၇၇]၊ ဦးသန်းထွန်းဝင်း[၁၂/စခန(နိုင်)၀၅၅၁၂၆]၊ ဒေါ်နန္ဒသန္တာထွန်း[၁၂/စခန(နိုင်)၀၅၆၈၃၅]တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သာသနာ့သမိုင်းဝင် အောက်ကျောင်းတော်ရာမြစေတီအား ဖူးမြော်သူနည်းပါး

မြန်မာနိုင်ငံ နေရာအနှံ့အပြားမှ ယခုလို မိုးရာသီ ဝါတွင်းကာလတွင် ကျောင်းတော်ရာ စေတီသို့ ဘုရားဖူးများ ငါးစာကျွေးရင်း လာရောက်ကြသည်။ ထိုသို့ ဘုရားဖူး ငါးစာကျွေး လာရောက်ကြသော်လည်း ကျောင်းတော်ရာ စေတီနှင့် ရှေးဟောင်းသမိုင်းဝင် တစ်ဆက်တည်းရှိသော အောက်ကျောင်းတော်ရာ သာသနာ့သမိုင်းဝင် သုမုဒ္ဒဂီရိ မြစေတီတော်ကြီးကို ဝင်ရောက်ဖူးမြော်လေ့လာသူ နည်းပါးကြောင်း သိရှိရသည်။

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ် မင်းရေနံမြေ၏ အရှေ့မြောက်ဘက် ၂၀ မိုင် ကျော်ခန့်ဝေးကွာသော ကြာကန်ကျေးရွာအနီးတွင် သာသနာ့သမိုင်းဝင် အောက်ကျောင်းတော်ရာ သုမုဒ္ဒဂီရိမြစေတီတော်မြတ်ကြီးကို ကောဇာ ၄၅၄ ခုနှစ်၊ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးသည် ဖောင်စကြာဖြင့် လှည့်လည်စဉ် အောက်ကျောင်း ကျောင်းဝင်းနှင့်မနီးမဝေး၌ ဖောင်တော်ဆိုက်ကပ်တော်မူပြီး ကမ်းတစ်လျှောက်လှည့်လည်ကြည့်ရှုရာ မဟာပုဏ္ဏမထေရ်မြတ်၏ အဓိဋ္ဌာန်ဖြင့်ပေါ်လာသည့် ဗုဒ္ဓကိုယ်စား နိမ္မိတရုပ်ပွား မြေသားဆင်းတုတော် ဌာပနာထားသော အုတ်လိုဏ်ဂူတော်ကို တွေ့မြင်ဖူးရလေတော့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအား သက်တော်ထင်ရှားဖူးမြော်ရသကဲ့သို့ အလောင်းစည်သူမင်းကြီးသည် ပီတိသောမနဿဝေဖြာလျက် ရှိခိုးကော်ရော်ဖူးမြော်လိုကြောင်း အောက်ကျောင်းတော်ရာဘုရား၏ ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောပြသည်။

ထို့ပြင် "ဘုန်းသမ္ဘာနှင့်ပြည့်စုံသောသူများ ဤနေရာ၌တွေ့ရှိပါက သာသနာတော်ကြီး နေရောင်လရောင်ပမာ ထွန်းလင်းတောက်ပစေသတည်း" ဟု မဟာပုဏ္ဏမထေရ်မြတ်၏ အဓိဋ္ဌာန်ဖြင့်ရေးသားထားသော ပုရပိုက်ကို တွေ့ရှိရသဖြင့် လိုဏ်ဂူတော်အနီး ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းစေကာ ဗုဒ္ဓကိုယ်စား နိမ္မိတရုပ်ပွား မြသားဆင်းတုတော် ဌာပနာအုတ်လိုဏ်ဂူတော်ကို ခြုံငုံ၍ ဉာဏ်တော် ၄၈ တောင် ၁၇ လက်သစ် စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ခဲ့ကြောင်း သိရှိရသည်။

ထိုစေတီတော်မြတ်ကြီးကို စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီတော်မြတ်ကြီးနှင့် မခြားတည်ထားကိုးကွယ်တည်ဆောက်ပြီး သိမ်၊ တန်ဆောင်း၊ ဇရပ်၊ စကြံ့ လေးဌာနစီရင်ခဲ့ကြောင်း၊ ဝတ္တကနယ်မြေအဖြစ် အနောက်သို့လားသော် ကင်းထနောင်းပင် ယခု (ကန်ကလားရွာမြောက်ဘက် ငါးလီတာအထိ)၊ အရှေ့သို့လားသော် ငါးကြင်းတဖခုံ၊ တောင်သို့လားသော် မထုံကန္ဒီ၊ တစ်မုဒ်လျှင် ကျွန်ယောကျ်ား၊ ကျွန်မိန်းမ နှစ်ယောက်ကျနှင့် လယ်ယာအကောက်ခွန်နှင့်တကွ အောက်ကျောင်း သမုဒ္ဒဂီရိမြစေတီတော်ကြီးကို ရွှေခရားဖြင့် ရေစက်သွန်းချ လှူဒါန်းခဲ့ကြောင်း၊ အလောင်းစည်သူမင်းကြီး၏ သားတော်က ဒုတိယအကြိမ် ထပ်မံပြင်ခဲ့ကြောင်းနှင့် မန်းဆည်တော်ကျိုးပေါက်၍ ဖောင်စကြာဖြင့် ကြွချီတော်မူစဉ် အောက်ကျောင်း သမုဒ္ဒဂီရိစေတီတော်အနီး ဖောင်ဆိုက်ကပ်တော်မူပြီး ဖခမည်းတော်ကဲ့သို့ ဆီမီးဝတ်စေတီပါယ်မြေ၊ သင်းပုတ်ဝတ်များ၊ ဇရပ်တန်ဆောင်း၊ သိမ်တို့ကို လှူဒါန်း၍ ဘုရားဝတ္တကမြေများကိုလည်း ရှေးအစဉ်အလာအတိုင်း လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

သာသနာ့သမိုင်းဝင် သမုဒ္ဒဂီရိမြစေတီတော်ကြီးကို ကောဇာသက္ကရာဇ် ၁၂၅၁ ခုနှစ်တွင် ရဟန္တာဟုသမုတ်ခံတော်မူသည့် ဆရာတော်ဦးသီလနှင့် ဦးရေသိမ်တို့က ကြီးမှူး၍ အုတ်ဖို ၂၀ ကျော်ဖုတ်စေပြီး စတင်ပြင်ဆင်ပြုပြင်ခဲ့ရာ ဌာပနာတိုက်များပေါ်လာသဖြင့် ဌာပနာတိုက်ပိတ်၍မပြီးမချင်း ဘုရားငြမ်းစင်ပေါ်၌ ဆရာတော်ဦးသီလနှင့် ဦးရေသိမ်တို့နှစ်ပါးသည် သီတင်းသုံးတော်မူကြောင်း ဘုရားသမိုင်းတွင် လေ့လာ၍ သိရသည်။

အဆိုပါမြစေတီတော်မြတ်ကြီး၏ သမိုင်းမှတ်တမ်းအရ ဌာပနာတိုက် တနင်္ဂနွေထောင့်မှာ ဌာပနာထားသော ရွှေသားအစစ် သတ္တဌာန၊ အင်္ဂါထောင့်မှာ ဌာပနာငွေသားဆင်းတုတော် ၂၇ ဆူဓာတ်တော်များ၊ စနေထောင့်မှာ မြသပိတ်တော်နှင့် ဓာတ်တော်များ၊ ရာဟုထောင့်၌ မြသား ဆင်းတုတော် ၃၇ ဆူ ဓာတ်တော်များဖြင့် တည်ရှိထားသည့်အပြင် ယခုပြုပြင်ထားသည်မှာ ရွှေသင်္ကန်းများကပ်လှူထားပြီး၍ အရန်စေတီ ၉၆ ဆူ၊ မြေစိုက်စေတီငါးဆူ၊ အောက်ကျောင်းတော်ရာ မြတ်စေတီတော်ကြီးမှာ အရန်စေတီ ၉၆ ဆူဖြင့် တင့်တယ်သပ္ပာယ်လှသဖြင့် ဖူးမြော်မဝရှိရာ မန်းရေနံမြေ၊ လက်ပံတပင်၊ နန်းဦးပေါက်ကုန်းကျေးရွာများ၊ ကြာကန်ကျေးရွာမှ အဓိဋ္ဌာန်သူများ ဆုတောင်းပြည့်ပြီး စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းခြင်း၊ ၁၂-လရာသီမပြတ် အလှူအတန်းများဖြင့် သာယာလှပသော်လည်း သာသနာ့သမိုင်းဝင် သာသနာ့နယ်မြေကို ဖူးမြော်ဝင်ရောက်လေ့လာသူနည်းကြောင်း၊ ဒေသခံများ အခါရက် ဥပုသ်ရက်များတွင် လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

သမိုင်းဝင်နယ်မြေ ကျောင်းတော်ရာဘုရားကြီးနှင့် သာသနာ့သမိုင်း ဆက်စပ်လျက်ရှိသော သာသနာ့သမိုင်းဝင် အောက်ကျောင်းတော်ရာ သုမဒ္ဒဂီရိစေတီတော်မြတ်ကြီးကို ကျောင်းတော်ရာမှ ဘုရားဖူး၊ ငါးစာကျွေးပြီး အပြန်တွင် ဝင်ရောက်ဖူးမြော်နိုင်သည့်အပြင် မြစေတီတော်မြတ်၏ တောင်ဘက်လေးဖာလုံခန့်ကျော်ကျော်တွင် ရှေးဟောင်းလက်ရာဖြင့် တည်ဆောက်ထားသော တံခါး ၉၉ ပေါက်ရှိ ကျောင်းတော်ကြီးကို ကျိုက်လတ်မြို့မှ ဦးမြတ်ကျော်-ဒေါ်ဗိုင်းဗုံတို့က လှူဒါန်းတည်ဆောက်သည်မှ ယနေ့အထိ တည်ရှိနေသဖြင့် ဘုရားဖူးရင်း တံခါး ၉၉ ပေါက်ရှိသော ရှေးဟောင်းလက်ရာ သာသနိကအဆောက်အအုံနှင့်အတူ ကျောင်းဒါယကာပုံရုပ်တုနှင့် ကျောင်းဒါယိကာမ ရုပ်တုများ ရှေးမူမပျက် တည်ရှိနေသေးသဖြင့် မြန်မာပြည်အနယ်နယ်အရပ်ရပ် ဘုရားဖူးများနှင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်လေ့လာနိုင်ကြောင်း သိရှိရသည်။

ခွဲထက်ရှင်

ရှမ်းမြောက် အဝေးပြေးမော်တော်ယာဉ်လိုင်းများ မူလပုံမှန်အချိန်အတိုင်း ပြန်လည်ပြေးဆွဲ

မန္တလေး၊ ဩဂုတ် ၂၂

မန္တလေးမြို့တွင် ထုတ်ပြန်ခဲ့သည့် ပုဒ်မ ၁၄၄ အရ မန္တလေးမြို့ကို ဖြတ်သန်းသွားလာကြသော မော်တော်ယာဉ်များနှင့် အဝေးပြေးခရီးသည်တင်ယာဉ်များ အချိန်ပြောင်းလဲပြေးဆွဲခဲ့ရသည်။

မန္တလေးတွင် ထုတ်ပြန်ထားသော ပုဒ်မ ၁၄၄ ကို ဩဂုတ် ၁၁ ရက် ညပိုင်းမှစတင်၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ရာ မူဆယ်-မန္တလေး၊ လားရှိုး-မန္တလေးနှင့် လားရှိုး-ရန်ကုန် ခရီးသည်ယာဉ်လိုင်းများသည် ယခင်မူလပုံမှန်အချိန်အတိုင်း ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ လားရှိုး-ရန်ကုန်ယာဉ်လိုင်းကတော့ ညဦးပိုင်းထွက်ခွာ ပြေးဆွဲနေရာကနေ ခု ဩဂုတ် ၁၃ ရက်ကစတင်ပြီး ယခင်ပုံမှန်အတိုင်း ညနေ ၄ နာရီ လားရှိုးဂိတ်ကထွက်ပါပြီ။ အခြားယာဉ်လိုင်းတွေလည်း ယခင်ပုံမှန်အချိန်အတိုင်း ပြန်လည်ပြေးဆွဲဖို့လုပ်နေကြပါတယ်။ မကြာမီ ယာဉ်လိုင်းအားလုံး ယခင်ပုံမှန်အချိန်တိုင်း ပြေးဆွဲကြတော့မှာပါ။ ပုံမှန်အချိန်အတိုင်း ပြန်လည်ပြေးဆွဲသွားလာရတော့ ယာဉ်လိုင်းတွေအတွက်ရော ခရီးသည်တွေအတွက်ပါ အဆင်ပြေမှုရတာပေါ့ဗျာ" ဟု လားရှိုး-ရန်ကုန် အဆင့်မြင့်ခရီးသည်တင်ယာဉ်လိုင်းမှ တာဝန်ခံတစ်ဦးကပြောသည်။ **သီပေါကိုလတ်**

ဆီဆိုင်မြို့တွင် မြစိမ်းရောင်ရန်ပုံငွေပေးအပ်

ဆီဆိုင်၊ ဩဂုတ် ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စု တခေါ့ခွန်ရွာ၊ မြစိမ်းရောင်ကျေးရွာများရှိ ဒေသခံကျေးလက်ပြည်သူများအား အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ်သိန်းသုံးရာကို လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက် ၁၁ နာရီက တခေါ့ခွန်ကျေးရွာတွင် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင် ဦးခွန်လှသိန်းလည်းတက်ရောက်ခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

အခြေခံစာရင်းရေး၊ စာရင်းကိုင် သင်တန်းဖွင့်လှစ်

အင်္ဂပူ၊ ဩဂုတ် ၂၂

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ အင်္ဂပူမြို့နယ် သမဝါယမဦးစီးဌာနတွင် ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီက အခြေခံသမဝါယမအသင်းများရှိ အသင်းအမှုဆောင်များ၊ အသင်းသားများ၊ အခြေခံစာရင်းရေး စာရင်းကိုင် (၁/၂၀၁၄-၁၅) သင်တန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်သမဝါယမဦးစီးအရာရှိက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကိုပြောကြားခဲ့သည်။သင်တန်းကာလမှာသုံးရက်ဖြစ်သည်။ **မန်းကျော်(ပြန်/ဆက်)**

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ-၂၀)
သာကေတမြို့နယ်တရားရုံးတော်၌
၂၀၁၄-ခုနှစ်၊ တရားမကြီးအမှုအမှတ်(၁၀၇)

မတင်တင်မာ နှင့် ၁။ နော်မာလာသန်း
၂။ ဦးမြင့်အောင်
(တရားလို) (တရားပြိုင်များ)

အမှတ်-၅၄/က၊ ဧရာဝဏ်(၁)လမ်း၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ နော်မာလာသန်းနှင့် ဦးမြင့်အောင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ် တရားလို မတင်တင်မာက ပဋိညာဉ်အတိုင်း စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အမှုကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၂ရက်(၁၃၇၆ခုနှစ်၊ တော်သလင်းလဆန်း ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားပြိုင်မှ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်းတရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေတင်လိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ ဩဂုတ်လ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်ကျော်ဝင်း)
မြို့နယ်တရားသူကြီး
သာကေတမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ-၂၀)
သာကေတမြို့နယ်တရားရုံးတော်၌
၂၀၁၄-ခုနှစ်၊ တရားမကြီးအမှုအမှတ်(၁၀၆)

၁။ မခင်မျိုးဦး ၁။ ဦးတင်ကြည်
၂။ မောင်ထွန်းမြင့်ထွန်း နှင့် ၂။ ဦးတင်ဝင်း
၃။ မောင်ဇူလိုင်ကိုကို ၃။ ဦးအောင်ကျော်ဦး
(တရားလိုများ) (တရားပြိုင်များ)

အမှတ်-၄၃/ခ၊ အနော်မာ(၁)လမ်းအနောက်၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးတင်ကြည်၊ ဦးတင်ဝင်းနှင့် ဦးအောင်ကျော်ဦး (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ် တရားလို မခင်မျိုးဦးပါ-၃ ဦးက ပဋိညာဉ်အတိုင်း စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အမှုကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂ရက် (၁၃၇၆ခုနှစ်၊ တော်သလင်းလဆန်း ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားပြိုင်မှ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့ သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေတင်လိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်ကျော်ဝင်း)
မြို့နယ်တရားသူကြီး
သာကေတမြို့နယ်တရားရုံး



သီပေါသို့ နိုင်ငံပေါင်းစုံမှ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များနေ့စဉ်လာရောက်

သီပေါ၊ ဩဂုတ် ၂၂

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ သီပေါမြို့သို့ နိုင်ငံပေါင်းစုံမှ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များသည် မန္တလေး-လားရှိုး မီးရထားအဆန် ၁၃၁ ဖြင့်လည်းကောင်း၊ မန္တလေး-သီပေါ အဆင့်မြင့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့်လည်းကောင်း နေ့စဉ်လာရောက်လျက်ရှိကြောင်း သိရသည်။

ရထားလက်မှတ်ခမှာ မန္တလေးမှသီပေါသို့ ရိုးရိုးတန်းတစ်ဦးလျှင် မြန်မာငွေဖြင့်ကျပ် ၁၇၀၀၊ အထက်တန်းကျပ် ၃၉၅၀ ဖြစ်သည်။ မော်တော်ယာဉ်စီးနင်းခမှာ မန္တလေးမှသီပေါသို့ ငွေကျပ် ၅၀၀၀ ဖြစ်သည်။ မန္တလေးမှ စင်းလုံးငှားကားဖြင့် လာရောက်ကြသူများလည်း ရှိသည်။

ယခင်က လမ်းမကောင်းသော်လည်း ယခုအခါ ကောင်းမွန်ချောမွေ့နေပြီဖြစ်သည်။ သို့သော် နောင်ချိုမြို့အနီးမှ နာမည်ကျော်ဂုတ်တွင်းကားလမ်း အတက်အဆင်း အကွေ့အကောက်များ၌ ကုန်တင်ကားကြီးအချို့ပျက်၍ လမ်းပိတ်ဆို့မှုဖြစ်ပေါ်ပါက ဟိုဘက်သည်ဘက် ကားတန်းကြီးများဖြစ်ကာ လမ်းပွင့်သွားသည်အထိ ရပ်စောင့်ရသည်။ ထိုကဲ့သို့ လမ်းပိတ်ဆို့မှုမဖြစ်ပေါ်ပါက မန္တလေး-သီပေါ မိုင် ၁၃၀ ခရီးကို နေ့ချင်းပြန်ပင် သွားလာနိုင်ကြသည်။

ကားဖြင့်လာပါက ကားလမ်းရှုခင်းအလှအပများနှင့် ရထားစီးပါက အမြင့်ပေ ၁၁၀၀၊ အလျားပေ ၂၂၆၀ ရှိ ကမ္ဘာ့ဒုတိယအမြင့်ဆုံး နာမည်ကျော် ဂုတ်ထိပ်တံတားကြီးပေါ်မှ ဖြတ်သန်းစဉ် ပတ်ဝန်းကျင်ရှုခင်းများကို အပေါ်စီးမှ ရှုစားရကြမည် ဖြစ်သည်။ လမ်းခရီးတွင် ကျောက်မဲမြို့ကို ဖြတ်ကျော်ပြီးမှ သီပေါမြို့သို့ ရောက်ရှိသည်။

သီပေါသို့ရောက်လျှင် လိုင်စင်ရအဆင့်မီ မိုတယ်၊ ဟိုတယ်များရှိသည်။ ၎င်းဟိုတယ်များတွင် ဧည့်လမ်းညွှန်များလည်း အသင့်ရှိကြသည်။ ဒုဋ္ဌဝတီမြစ်အစ ချောင်းဆုံဒေသနှင့် သာယာလှပသောနေရာ များစွာရှိသည်။ လာရောက်သူ ကမ္ဘာလှည့်ခရီးသွားများသည် ရှမ်းယဉ်ကျေးမှု၊ ရှမ်းအက၊ ရှမ်းအလှ၊ ရှမ်းသဘာဝများနှင့် ဒေသထွက် ရှမ်းရိုးရာအစားအစာများကို လေ့လာအားပေးကြသည်။ သီပေါမြို့အရှေ့ဘက်ရှိ ကိုးဆူတောင်နှင့် ငါးဆူတောင်ပေါ်မှနေ၍ ဒုဋ္ဌဝတီမြစ်အလှနှင့် သီပေါမြို့ရှုခင်းများ၊ သီပေါမြို့၏ အနောက်ဘက် တောင်တန်းကြီးပေါ်မှ ညနေ နေဝင်ချိန်ဆည်းဆာအလှတို့ကို တက်ရောက်ကြည့်ရှု မှတ်တမ်းတင်သူများကြောင်း သိရသည်။

သီပေါရောက် ကမ္ဘာလှည့်ခရီးသည်များ မဖြစ်မနေသွားရောက်လေ့လာသည့် နေရာတစ်ခုကား သီပေါဟော် (ခ) ဟော်ခမ်းအဆောက်အအုံကြီး ဖြစ်သည်။ ၎င်းဟော်ခမ်းအဆောက်အအုံကြီးကို ၁၉၂၄ ခုနှစ်က (၈၇) ဆက်မြောက်သီပေါစော်ဘွားကြီး စောအုံကြာ (MA) က ကျမိုင်း (အိမ်ရှေ့စံ) ဘဝဖြင့် စီမံတည်ဆောက်စေခဲ့ခြင်း ဖြစ်သည်။ ယခု ၂၀၁၄ ခုနှစ်တွင် သက်တမ်း ၉၀ ပြည့်မြောက်ပြီဖြစ်သည်။ သီပေါ၏ နောက်ဆုံးစော်ဘွား စဝ်ကြာဆိုင် မဟာဒေဝီစဝ်သုစန္ဒီတို့ မိသားစု ၁၉၆၂ ခုနှစ်အထိ နေထိုင်သွားခဲ့သော ဟော်ခမ်းအဆောက်အအုံကြီး ဖြစ်သည်။ ယခု နောက်ဆုံးသီပေါစော်ဘွား၏ အမျိုးအနွယ်များနေထိုင်ပြီး ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ၊ သမိုင်း၏ပုံရိပ်အငွေ့အသက်များ၊ လှပသော သဘာဝရေတံခွန်စိမ့်စမ်းများ တည်ရှိပြီး ရိုးသားဖော်ရွေသည့် ရှမ်းတိုင်းရင်းသားတို့၏ သီပေါဒေသဆီသို့ ပြည်တွင်းပြည်ပခရီးသည်များသည် ယခုလို မိုးတွင်းကာလမှာပင် ကား၊ရထားတို့ဖြင့် နေ့စဉ်လာရောက်လျက်ရှိကြသည်။

သီပေါသို့လာရောက်သူများ အန္တရာယ်မဖြစ်စေရန် နိုင်ငံခြားသားများကို ဆိုင်ကယ်မောင်းနှင် စီးနင်းခြင်း

မပြုရန် မေတ္တာရပ်ခံ တားမြစ်ထားကြောင်း၊ အချို့မှာ ဟိုတယ်မှ စီစဉ်ငှားရမ်းပေးသော စက်ဘီးဖြင့်သွားလာကြကြောင်း၊ အများစုမှာမူ သုံးဘီးအငှားယာဉ်ဖြင့်လည်းကောင်း၊ ခြေကျင်ဖြင့်လည်းကောင်း သွားလာလည်ပတ်ကြကြောင်း မြတ်ရတနာအဆင့်မြင့်ဟိုတယ်မှ ကိုစိုင်းကျော်မင်းယုက ပြောသည်။

သီပေါကိုလတ်

စစ်ကိုင်းမြို့တွင် ဆိုင်ကယ်ပြင်ဆိုင်များ ပေါ်များလာသော်လည်း လုပ်ငန်းများ ပုံမှန်အလုပ်ဖြစ်နေ

စစ်ကိုင်း၊ ဩဂုတ် ၂၂

ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်များ ပေါ်များလာပြီး ကုန်ပစ္စည်းများနှင့် ခရီးသွားပြည်သူများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ တစ်နေရာမှတစ်နေရာသို့ သွားလာမှုလွယ်ကူလျက်ရှိသည်။ အဆိုပါ ဆိုင်ကယ်များပေါ်များလာ၍ ဆိုင်ကယ်ပြုပြင်ရေးလုပ်ငန်းဆိုင်များလည်း ပေါ်များလျက်ရှိရာ ယင်းလုပ်ငန်းများ အလုပ်ဖြစ်နေကြောင်းသိရသည်။

"ပုံမှန်ဝင်ငွေရယ်လို့တော့ တွက်ဆလို့မရပါဘူးဗျာ။ ဆိုင်ကယ်ပြင်ဆိုင်တွေကလည်း တစ်နေ့တခြား များလာပြီလေ။ ဆိုင်တိုင်းမှာတော့ သူ့မိတ်ဆွေ၊ ကိုယ့်မိတ်ဆွေ အနေအထားမျိုးနဲ့တော့ ပုံမှန်ဆောင်ရွက်နေကြတာပါ။ ကျွန်တော်လည်း ဆိုင်ဖွင့်တာ သိပ်မကြာသေးပါဘူး။ အခုတော့ အသိမိတ်ဆွေတွေလည်း ရလာတော့ ပုံမှန်လုပ်ငန်းဆောင်ရွက်ပေးနေရပါတယ်။ ဒီပညာကို ဝါသနာပါလို့သင်ယူခဲ့တာ မိသားစုစားဝတ်နေရေးအတွက် ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမှာပါ။ အခုတော့ နေ့စဉ်ဝင်ငွေမဆိုးပါဘူး" ဟု မိုးဇာရပ်ကွက်ရှိ ဆိုင်ကယ်ပြုပြင်သူတစ်ဦးက ပြောသည်။

ဇော်မြင့်နိုင်

စဉ့်ကူးမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့ ကမ်းပြိုသည့် ကျေးရွာသို့သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

စဉ့်ကူး၊ ဩဂုတ် ၂၂

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်း၊ ထုံးကြီးတိုက်နယ်ဆေးရုံဆရာဝန်ကြီး ဒေါက်တာနေမင်းနိုင်နှင့် ဆရာ၊ ဆရာမများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ဦးအောင်ခင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်ပါတီကော်မတီဝင်များ၊ ထုံးကြီးကျေးရွာ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များသည် မြစ်ကမ်းပါးပြို၍ ပြောင်းရွှေ့နေကြသော ဟသ်ာဖိုလ်အုပ်စု၊ စည်ပင်ကျွန်းကျေးရွာသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ထိုသို့ သွားရောက်ကြည့်ရှုစစ်ဆေးမှုတွင် ဆေးဝါးများ ကုသပေးခြင်း၊ အိမ်ထောင်စုဝင်တစ်ဦးလျှင် ဆန်တစ်ပြည်နှုန်း၊ အိမ်ထောင်စုတစ်စုလျှင် ဆီတစ်ပိသာနှုန်းဖြင့် အိမ်ထောင်စု ၃၀ မှ လူဦးရေ ၁၄၈ ဦးအား လှူဒါန်းကာ အားပေးစကားများပြောကြားခဲ့ပြီး ရွာဦးကျောင်းဆရာတော်အား ဆန်တစ်ပိုင်းနှင့် ဆီတစ်ပုံး လှူဒါန်းဆက်ကပ်ခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အဖွဲ့သည် ဟသ်ာဖိုလ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ဆရာတော်အားဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ဟသ်ာဖိုလ်ကျေးရွာအထက်တန်းကျောင်း(ခွဲ)သို့ သွားရောက်ပြီး ကျောင်းအတွက်လိုအပ်ချက်များကို မေးမြန်းစုံစမ်းကာ ဆရာ၊ ဆရာမများအား အားပေးစကားပြောကြား၍ မိဘပြည်သူများ၏ တင်ပြချက်များအပေါ် လိုက်လံကြည့်ရှုခဲ့သည်။

ဟသ်ာဖိုလ်အုပ်စု၊ ဟသ်ာဖိုလ်ရွာသစ်ကျေးရွာရှိ ကျေးလက်ဆေးပေးခန်းနှင့် စာကြည့်တိုက်အတွက် လိုအပ်ချက်များကို ကျေးရွာမှတင်ပြရာ တတ်နိုင်သမျှကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

ဖောင်းကြွပျောက်ဆုံးလျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၇၀၄၆၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါ၍ပြန်လည်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၇၊ မြေကွက် အမှတ်-၄၈၉၊ မြေကွက်တည်နေရာအမှတ်(၄၈၉)၊ (၄၇) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်ခင်မြင့်(SWE-011840) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား ဒေါ်ခင်မြင့် ကွယ်လွန်သဖြင့် ဦးမောင်မြင့် ၁၂/အလန(နိုင်) ၀၁၇၅၁၇]က တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သုခစုစ် ကုမ္ပဏီ တွင် စင်ကာပူနိုင်ငံ ITE မှ (Low Levy) လက်မှတ်ပေးအပ်သည့် General Fitter သင်တန်း၊
Basic Engineering Course (BEc)
စင်ကာပူနိုင်ငံ Sembawang
Steel, Pipe, Electrical, Mechanic, Welder
TKSS
Ph: (01) 377343, 377344, 385758, 386877, 392333
Ph: (01) 9648080, Email: thukhasawsan2012@gmail.com

EUGENIA STAR
Tours & Travels
09-250387520, 09-250390020, 09-250536110

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဥ်အမှတ်-၂၈/၃၆၁၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျယ်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၅)လမ်း၊ အမှတ်(၇)၊ (၅)ထပ်တိုက်ခန်း(၁၀)ခန်းနှင့် သီရိမြိုင်(၇)လမ်း၊ အမှတ်(၃၂)၊ ၂၅'×၅၀' မြေပေါ်ရှိ အိမ်(၃)လုံး(ရန်ကုန်မြို့)နှင့် စပ်လျဉ်း၍ ရောင်းမှားဝယ်မှားမရှိကြစေရန် ကြေညာသတိပေးခြင်း။

အထက်ပါတိုက်ခန်း(၁၀)ခန်းနှင့် အိမ်(၃)လုံးအား အမွေခွဲဝေရယူကြရန် ၃၀-၃-၂၀၁၄ ရက်က အစ်ကိုကြီးဖြစ်သူ ဦးစိုးဝင်း[၁၂/သလန(နိုင်)၀၇၆၆၀၉]ကဦးစီးလျက် အမွေဆိုင်မောင်နှမ (၁၃)ဦး စာချုပ်(၂)စောင်ချုပ်ဆိုခဲ့ပြီး မူရင်းမှာ ဦးစိုးဝင်း၏လက်ဝယ်၌သာ ရှိပါသည်။ ၂၃-၃-၂၀၁၄ ရက်စွဲပါ စာချုပ်မူရင်းခွဲဆိုသည်များ တရားမဝင်ပါ။ ၂၃-၃-၂၀၁၄ ရက်ကလည်း စာချုပ်တစ်စုံတစ်ရာ မချုပ်ခဲ့ပါ။ ၃၀-၃-၂၀၁၄ ရက် စာချုပ်သာလျှင် ဥပဒေနှင့်ညီသော စာချုပ်ဖြစ်ပါသည်။ ယခုအခါမောင်နှမ(၁၃)ဦးအကြား ၃၀-၃-၂၀၁၄ ရက်စွဲပါစာချုပ်အတိုင်း အမွေခွဲဝေခြင်းမပြီးပြတ်သေးပါ၍ ယင်းတိုက်ခန်းများနှင့်အိမ်(၃)လုံးကို မည်သူမျှလွှဲပြောင်းရောင်းချခွင့်မရှိပါကြောင်း၊ အိမ်အမှတ်(၆၅)၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ သန်လျင်မြို့နေ၊ ဦးစိုးဝင်း[၁၂/သလန(နိုင်)၀၇၆၆၀၉]၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှသိန်း
အထက်တန်းရှေ့နေ
B.Sc, H.G.P, E.T.E.C, R.LII, D.B.L
D-4၊ ၅၀၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃)၊ မြေကွက်အမှတ်(၁၀၈)၊ မြေကွက်တည်နေရာ(၃၃/၁၀၈)၊ ကံ့ကော်မြိုင် (၂)လမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ဦးအောင်ကြီး IGU-၁၄၂၇၅၅ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင်ကြီး (တရားရုံး)ကိုယ်စားဘီလစ် ဒေါ်လှဲလှဲခိုင်[၁၃/တကန(နိုင်)၀၀၃၄၁၉]မှ ဒဂုံမြို့သစ်(မြောက်ပိုင်း)တရားရုံး၏ တရားမကြီးမှုအမှတ်-၇၀(၁၉-၆-၁၄)နှင့် ဇာရီမှု ၇၀/၂၀၁၄တို့ကိုတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၆၈)၊ မြေကွက်အမှတ်(၅၂၄/ခ)၊ (အလျားပေ ၂၀ × အနံ ၆၀ပေ) မြေကွက်ရရှိသူ အမည်ပေါက် ဦးတင်မြင့်အောင်(ဘ)ဦးချစ်မြိုင်[၁၂/သလန(နိုင်)၀၄၇၀၅၆] ကိုင်ဆောင်ပိုင်ဆိုင်သူက စလစ်ပြားပျောက်ဆုံးသွားပါသဖြင့် မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၁၂)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွတ်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၁၅၃)၊ ဧရိယာ(၄၀'×၆၀')၊ မြေကွက်တည်နေရာအမှတ်(၁၅၃)၊ မင်းရဲကျော်စွာ (၁၂)လမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ရှိ ဦးထွန်းမြင့်[၁၂/ကမရ(နိုင်)၀၅၂၃၀၂]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းမြင့် ကွယ်လွန်သဖြင့် ဒေါ်သောင်း[၁၂/လသယ(နိုင်)၀၀၄၉၁၈]၏ (GP)No.၁၄၈၀၈၊ ၂၀၁၄ရရှိသူ ဒေါ်ဆုမွန်မြင့်[၁၂/လသယ(နိုင်)၀၅၇၂၅၈]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၂၂၈၃/၁၄(၇-၅-၁၄)တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မိတ္တူမှန်နှင့် အမည်ပြောင်း တစ်ပြိုင်တည်းလျှောက်ထားလာမှုအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

01-681492 09-5010196

အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃၈)၊ မြေကွက်အမှတ်(၈၇၇)၊ ဧရိယာပေ(၄၀×၆၀)ရှိ မြေကွက်နှင့်ပတ်သက်၍ (ဦးအောင်ငွေစိုး)အမည်ဖြင့် ထုတ်ပေးထားပြီး ဇနီးဖြစ်သူ ဒေါ်တင်တင်ဦး၏ လက်ဝယ်မှပျောက်ဆုံးလျက်ရှိနေပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေချပါမစ်မူရင်းအား လက်ဝယ်ရှိနေသူများအနေဖြင့် ဤကြော်ငြာကန့်ကွက်သည့်နေ့မှ (၇)ရက်အတွင်း ကျွန်မထံသို့ဖြစ်စေ၊ ဤကြော်ငြာပါ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်၍လာရောက်ပေးအပ်ပါရန်နှင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွတ်နိုင်ပါသည်။အကယ်၍ ပျက်ကွက်ခဲ့ပါက အဆိုပါမြေချပါမစ်အား လက်ဝယ်ရှိသူ၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်တင်တင်ဦး
[၁၃/မစန(နိုင်)၀၀၂၄၂၉]
ဖုန်း-၀၉-၉၁၀၃၂၀၃၇၊ ၀၉-၂၁၁၀၂၁၄

ကန့်ကွက်နိုင်ပါသည်

